မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။

Established 1914

၁၃၆၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်၊ ၂၀၀၅ ခုနှစ်၊ မေ ၂၆ ရက်၊ ကြာသပတေးနေ့၊ အတွဲ(၄၂)၊ အမှတ်(၂၃၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေ သစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မတီ လုပ်ငန်းညှိနှိုင်း ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

ရန်ကုန် မေ ၂၅

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် ယနေ့နံနက်ပိုင်းတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

ဖြည့်စွက်မှာကြား

ထို့နောက် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ သတ္တုတွင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

ဆွေးနွေးအကြံပြု

ဆက်လက်၍ ကော်မတီအတွင်းရေးမှူး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ပတ်ဝန်းကျင် ထိန်းသိမ်းရေး စီမံချက်ရေးဆွဲ ဆောင်ရွက်ထားရှိမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များက သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ လုပ်ငန်းကိစ္စများကို ညှိနှိုင်းဆွေးနွေး အကြံပြုကြသည်။

ယင်းနောက် ကော်မတီဥက္ကဋ္ဌ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျသဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းစည်းဝေး

ရန်ကုန် မေ ၂၅

အမျိုးသားညီလာခံ စုံညီအစည်းအဝေးအလှည့်ကျ သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ (ဝဲပုံ)

တက်ရောက်

ယင်းညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားညီလာခံစုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့ဝင်ဖြစ်သော ဦးမျိုးသန့်(မောင်ဆုရှင်)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များဖြစ်ကြသော ဦးစောဖီးလစ်(ခ) ဦးဖီးလစ်ဆမ်၊ ဦးလော်ဆင်ကွမ်း၊ ဦးကျော်ဒင်(ခ) ဦးထေးရယ်၊ ဦးကြည်တင့်၊ ဦးဘိုသိန်း၊ ဒေါက်တာသိန်းညွန့် (ညွန့်ဝေ–ကသာ)နှင့် ဒေါက်တာမြတ်မြတ်အုန်းခင်တို့ တက်ရောက်ကြ၍ လုပ်ငန်းကော်မတီမှ တွဲဖက်အတွင်းရေးမှူး(၂)ဒေါက်တာသောင်းမြင့်၊ အဖွဲ့ဝင် ဦးဘဟန်နှင့် ဦးဆန်းထွန်း၊ လုပ်ငန်းကော်မတီရုံးမှ ညွှန်ကြားရေးမှူး ဦးသန်းအောင်နှင့် အထောက်အကူပြု ဒုတိယညွှန်ကြားရေးမှူးများ တက်ရောက်ကြသည်။

ဆက်လက်ဆွေးနွေး

ညှိနှိုင်းအစည်းအဝေးတွင် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီ ၁၇ ရက်မှ မတ် ၃၁ ရက်အထိ ကျင်းပခဲ့သည့် အမျိုးသားညီလာခံ၌ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့ ရှစ်ဖွဲ့တို့က တင်သွင်းခဲ့သော စာတမ်းများအပေါ် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အလှည့်ကျ သဘာပတိအဖွဲ့၏ လေ့လာတွေ့ရှိချက်ကို အမျိုးသားညီလာခံ ပြန်လည်ကျင်းပသည့်အခါ တင်ပြနိုင်ရေးအတွက် စာတမ်းများရေးသားပြုစုခြင်းကို ဆက်လက်ဆွေးနွေးဆောင်ရွက်ကြပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ခေါင်းကြီး၊ ဆောင်းပါး အညွှန်း

❒ မူးယစ်ဆေးဝါးအန္တရာယ်သည် စင်စစ်အားဖြင့် ကိုလိုနီနယ်ချဲ့၏ ဆိုးမွေဖြစ်သည်။ ယင်းအမွေဆိုးကြီးကို မြန်မာနိုင်ငံတွင် ကိုယ်ပိုင်စွမ်းအားဖြင့် လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ ပူးပေါင်း၍လည်းကောင်း တိုက်ဖျက်ချေမှုန်းလျက်ရှိသည်။

ခေါင်းကြီး(စာ-၂)

❒ ဒီကနေ့ဟာ နိုင်ငံတကာဈေးကွက်စီးပွားရေးခေတ်ဖြစ်တဲ့အတွက် ဒေသဆိုင်ရာ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံအချင်းချင်း လက်တွဲကြိုးပမ်းနေကြတယ်။ နောက်ဆုံး ဒီအကြမ်းဖက်သမားတွေ ကိုယ့်ရှူးကိုယ်ပတ်ပြီး ပြေးစရာမြေမရှိတဲ့ဘဝကို ရောက်ကုန်မှာပါ။

အောင်မိုးစံ၏ဆောင်းပါး(စာ-၁၀၊ ၁၁)

နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ မေလ ၂၆ ရက်)

မူးယစ်ဆေးဝါး လုံးဝချုပ်ငြိမ်းပပျောက်ရေး အမျိုးသားရေးတာဝန်ဖြင့် အစွမ်းကုန်ဝိုင်းဝန်းတိုက်ဖျက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ ဘက်ပေါင်းစုံမှ တိုက်ဖျက်ချေမှုန်းလျက်ရှိသည်။ မူးယစ်ဆေးဝါးအန္တရာယ်သည် နိုင်ငံနှင့်လူမျိုးအတွက် သာမက ကမ္ဘာ့လူသားထုတစ်ရပ်လုံးအတွက်ပါ အန္တရာယ်ပေး ခြိမ်းခြောက်လျက်ရှိသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး မဟာဗျူဟာ(၂)ရပ်၊ နည်းဗျူဟာ(၃)ရပ် ချမှတ်၍ ဆက်လက်ဆောင်ရွက်လျက် ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးပပျောက်ရေး (၁၅)နှစ်စီမံကိန်းကို ၁၉၉၉ခုနှစ်မှ ၂၀၁၄ခုနှစ်အထိ ငါးနှစ်စီမံကိန်းသုံးခုဖြင့် ချမှတ်ဆောင်ရွက်လျက် ရှိသည်။ ယင်းစီမံကိန်းကြီးနှင့်အတူ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေး၊ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်လျက် ရှိသည်။

မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးလုပ်ငန်းများကို မိုးဟိန်းစစ်ဆင်ရေး(၁)မှ (၁၂)အထိလည်းကောင်း၊ ငရဲပန်းစစ်ဆင်ရေး(၁)မှ(၈)အထိ လည်းကောင်း၊ တောင်ရန်ရှင်းစစ်ဆင်ရေး(၁)မှ(၄)အထိလည်းကောင်း၊ တောင်ထိပ်ပန်းစစ်ဆင်ရေးဖြင့်လည်းကောင်း စသည့် စစ်ဆင်ရေးများ ဆင်နွှဲ၍ တပ်မတော်သားများ၏ အသက်၊ သွေး၊ ချွေး အမြောက်အမြားစွန့်လွှတ်ကာ တိုက်ဖျက်ခဲ့ကြသည်။

မူးယစ်ဆေးဝါးအန္တရာယ်သည် စင်စစ်အားဖြင့် ကိုလိုနီနယ်ချဲ့၏ ဆိုးမွေဖြစ်သည်။ ယင်း အမွေဆိုးကြီးကို မြန်မာနိုင်ငံတွင် ကိုယ်ပိုင်စွမ်းအားများဖြင့်လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ ပူးပေါင်း၍လည်းကောင်း တိုက်ဖျက်ချေမှုန်းလျက်ရှိသည်။ မျက်မှောက်ကာလတွင် နိုင်ငံအများကြုံတွေ့နေရသည့် ပြဿနာဖြစ်၍ နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှုသည် မဖြစ်မနေ လုပ်ဆောင်ရမည့်လုပ်ငန်း ဖြစ်လာသည်။

ထို့ကြောင့် မူးယစ်ဆေးဝါးပပျောက်ရေးအတွက် နိုင်ငံတကာနှင့်လက်တွဲ ဆောင်ရွက်လျက်ရှိရာတွင် မေလ ၁၉ ရက်နေ့က ဒုတိယအကြိမ် အာဆီယံနှင့်တရုတ် မူးယစ်ဆေးဝါး ပူးပေါင်းတိုက်ဖျက်ရေး နိုင်ငံတကာညီလာခံ အကြိုညှိနှိုင်းအစည်းအဝေးနှင့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးထားသည့် ခြောက်နိုင်ငံ မူးယစ်ဆေးဝါးပူးပေါင်းထိန်းချုပ်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေးကို ကမ္ဘောဒီးယားနိုင်ငံ ဆီယမ်ရိမြို့၌ကျင်းပခဲ့ပြီး မြန်မာနိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့ တက်ရောက် ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အစည်းအဝေးတွင် ဒေသခွဲအတွင်း လုပ်ငန်းစီမံကိန်းများဖြစ်သည့် MoU(၆)နိုင်ငံတို့အား ပေါင်းစည်း၍ ဒေသခွဲအတွင်း မူးယစ်ကင်းမဲ့ဒေသဖြစ်လာစေရန် ပူးပေါင်းတိုက်ဖျက်မှုကို ဖော်ဆောင်နိုင်လျက်ရှိသည့်အပြင် UNODC ၏ နည်းပညာပံ့ပိုးမှု၊ အလှူရှင်နိုင်ငံများ၏ ပံ့ပိုးမှု၊ MoU နိုင်ငံများနှင့် ဆက်လက် ပူးပေါင်းဆောင်ရွက်မှု တို့ကို ဆွေးနွေးညှိနှိုင်းခဲ့ကြကြောင်း သိရသည်။

တရားမဝင် မူးယစ်ဆေးဝါး ထုတ်လုပ်မှု တိုက်ဖျက်ရာတွင် နယ်စပ်ဒေသရှိ တိုင်းရင်းသားများ၏ လူနေမှုဘဝ မြှင့်တင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို မြန်မာနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ ပူးပေါင်းဆောင်ရွက်လျက် ရှိသည်။

မြန်မာနိုင်ငံ၌ ဘိန်းအစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ရာ ၂၀၀၄ ခုနှစ်တွင် ၂၀၀၃ ခုနှစ်နှင့် နှိုင်းယှဉ်ကြည့်ပါက ဘိန်းစိုက်ပျိုးမှု ၃၄ ရာခိုင်နှုန်းခန့် ကျဆင်းသွားကြောင်း တွေ့ရသည်။ လွန်ခဲ့သော ရှစ်နှစ်ကထက် ဘိန်းထုတ်လုပ်မှုတန် ၂၅၆၀မှ ၂၉၂တန်သို့ ကျဆင်းခဲ့သဖြင့် ၈၈ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း အမေရိကန်ပြည်ထောင်စု၏ ၂၀၀၅ခုနှစ် မူးယစ်ဆေးဝါးနှင့် စပ်လျဉ်းသော အစီရင်ခံစာတွင် ဖော်ပြထားကြောင်း သိရသည်။

သို့ဖြစ်ရာ ပြည်ထောင်စုမြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါး လုံးဝပပျောက်ရေးအတွက် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်နည်းတူ နိုင်ငံအတွင်းရှိ တိုင်းရင်းသားပြည်သူအားလုံးကလည်း အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ကိုယ်ပိုင်စွမ်းအားများဖြင့် အစွမ်းကုန် ဝိုင်းဝန်းတိုက်ဖျက် နှိမ်နင်းသွားမည်သာဖြစ်ကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၆-၅-၂၀၀၅
(ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၂၀ ၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၂၅ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၄:၃၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၄:၄၅ ၇။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
- ၄:၅၅ ၈။ မျိုးချစ်တပ်မတော်
- ၅:၀၅ ၉။ အဝေးသင်ပညာရေး ပို့ချမှုအစီအစဉ် Echo Location (ဒုတိယနှစ်-အင်္ဂလိပ်စာ အထူးပြု)
- ၅:၃၅ ၁၀။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၄။ မိုးလေဝသသတင်း
- ၆:၂၅ ၁၅။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၆:၃၅ ၁၆။ **"ထူးခြားသောကလေးငယ်"** ကာတွန်းဇာတ်လမ်း (အပိုင်း-၅၁)
- ၆:၅၀ ၁၇။ လျှပ်တစ်ပြက်
- ၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"အမြွာနှင့်ကြမ္မာ"** (အပိုင်း-၂၅)
- ၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၂၁။ မြဝတီရဲ့မြဝတီ
- ၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
- ၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ချစ်သူ သူရဲကောင်း"** (အပိုင်း-၁၁)

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး ပညာသင်စရိတ်ထောက်ပံ့

အလှူငွေနှင့်စာရေးကိရိယာများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံးရှိ တပ်ဖွဲ့ဝင်နှင့် စာရေးဝန်ထမ်းများ၏ သားသမီးများအား ၂၀၀၅-၂၀၀၆ ခုနှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၈နာရီခွဲက ရန်ကုန်တိုင်း ရဲတပ်ဖွဲ့မှူးရုံး လုပ်ငန်းညှိနှိုင်းအစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်း၊ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝင်းမြင့်၊ ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှူး၊ ဌာနခွဲမှူးများ၊ ဦးစီးအရာရှိများ၊ ဌာနစုမှူးများ တက်ရောက်ကြသည်။

ပညာသင်စရိတ်ထောက်ပံ့

အခမ်းအနားတွင်တိုင်းရဲတပ်ဖွဲ့မှူးရဲမှူးကြီးအောင်ဒိုင်းက ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ပညာသင်စရိတ်ထောက်ပံ့ငွေကျပ် ၂၉၇၄၀၀၀ ကို ဌာနခွဲမှူးများအား ပေးအပ်သည်။ အဆိုပါအခမ်းအနားတွင် ဂရင်းဝင်းအင်တာပရိုက်စ်လီမိတက်မှ အလှူရှင် ဦးလှဝင်းကိုယ်စား ဦးအယ်လမိန်း ဒိန်က တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်ဒိုင်းထံသို့ အလှူငွေကျပ်ခြောက်သိန်းနှင့် စာရေးကိရိယာများကို ပေးအပ် လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကျေးဇူးရှင်မိခင်ကြီး ဒေါ်မမလေးအား ရည်စူး၍ အမှတ် ၆၆ (ဘီ)/ ၁၁ နဝဒေးလုံးချင်းအိမ်ရာ လှိုင်သာယာ မြို့နယ်နေ ဗိုလ်မှူးကြီး အေးဇော် - ဒေါ်နီနီလှမြင့် မိသားစုက ဗီဝိတဒါန သံဃာ့ဆေး ရုံ ကြီး သို့ ထာဝရငွေပဒေသာပင်အလှူငွေကျပ် နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဝင် ဦးတင်မောင်ဝင်းက လက်ခံယူစဉ်။

(က-ပ)

အိမ်တွင်းမှုသက်မွေးလုပ်ငန်းအခြေခံနှင့် အဆင့်မြင့်သင်တန်းဖွင့်

ရည်ရွယ်ချက်နှင့် သင်ကြားပေးမည့်အစီအစဉ်များ ရှင်းလင်းပြောကြား

ရန်ကုန် မေ ၂၅

နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန တာချီလိတ်မြို့ အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းက ကြီးမှူး၍ အခြေခံသင်တန်း အမှတ်စဉ်(၄၀/၂၀၀၅)နှင့် အဆင့်မြင့်သင်တန်း အမှတ်စဉ် (၁၁/၂၀၀၅)ဖွင့်ပွဲ အခမ်းအနားကို မေ ၁၆ရက် နံနက် ၉ နာရီက ယင်းသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

ပြောကြား

ယင်းနောက် တာချီလိတ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးမင်းဇော်၏ဇနီး ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရင်ရင်မြင့်က သင်တန်းသူ ခြောက်ဦးအတွက် ထောက်ပံ့ငွေကျပ် ၁၀၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစံဖူးလောင်က လက်ခံရယူ၍ ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းစံဖူးလောင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် အခြေခံစက်ချုပ်နည်း၊ အဆင့်မြင့်စက်ချုပ်နည်း၊ မုန့်လုပ်နည်း၊ ဟင်းမျိုးစုံချက်ပြုတ်နည်း၊ သိုးမွှေးစက်ဆွဲနည်းတို့ သင်ကြားပေးမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

တက်ရောက်

အဆိုပါသင်တန်းသို့သင်တန်းသူ ၃၂ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ၁၄ ပတ် ကြာမြင့်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်း ဝန်ကြီးဌာန၏ လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် အမှာ စကားပြောကြားစဉ်။(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်း ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော် လုပ်ငန်းဆိုင်ရာများရှင်းလင်းပြောကြား

ရန်ကုန် မေ ၂၅

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် အလုံမြို့နယ်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာနှင့် ဌာနကြီးမှူးများ၊ ပြည်နယ်၊ တိုင်းမန်နေဂျာများ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ တက်ရောက်ကြပြီး ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်က အဖွင့်အမှာစကားနှင့် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ဖြည့်စွက်တင်ပြ

ထို့နောက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ပြည်နယ်၊ တိုင်းမန်နေဂျာများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရန် လုပ်ငန်းလျာထားချက်တို့ကို ရှင်းလင်းတင်ပြကြရာ သက်ဆိုင်ရာဌာန အကြီးအကဲများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၏ ဖိတ်ကြားချက်အရ ရန်ကုန်မြို့သို့ မေ ၂၂ ရက်က ရောက်ရှိခဲ့သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး H.E. Mr. Hu Rongkai ခေါင်းဆောင်သည့် အဖွဲ့ဝင် ၂၂ ဦးပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၆ နာရီခွဲတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားကြသည်။

ပို့ဆောင်နှုတ်ဆက်

အဆိုပါ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များအား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ၊ အတွင်းရေးမှူး ဦးမြင့်အောင်၊ တွဲဖက်အတွင်းရေးမှူး ဦးတင်စိုးနှင့် ကော်မတီဝင်များ၊ သက်ဆိုင်ရာဌာနမှူးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E.Mr. Li Jinjun နှင့် သံရုံးမိသားစုများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယသတင်းဆက်သွယ်ရေးအဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၂၅

အာဆီယံ–အိန္ဒိယသတင်းဆက်သွယ်ရေး အပြန်အလှန်ပူးပေါင်းဆောင်ရွက်ရေး အစီအစဉ်အရ ရန်ကုန်မြို့တွင်ရောက်ရှိနေသော အိန္ဒိယသမ္မတနိုင်ငံ Doordarshan သတင်းဌာနမှ ညွှန်ကြားရေးမှူး (သတင်း) Smt. Arvind M. Singh ခေါင်းဆောင်သည့် အိန္ဒိယသတင်းဆက်သွယ်ရေးကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားကြရာ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူး(ရုပ်မြင်/အင်္ဂလိပ်) ဦးဝင်းကြည်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။ **(သတင်းစဉ်)**

ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးညွန့်မောင်ရှိန် ခန့်အပ်လွှာပေးအပ်

ရန်ကုန် မေ ၂၆

ဂျီနီဗာမြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးညွန့်မောင်ရှိန်သည် ၎င်း၏ခန့်အပ်လွှာကို ၂၀၀၅ခုနှစ် မေ ၉ရက်တွင် ဂျီနီဗာမြို့၌ ကုလသမဂ္ဂရုံး ညွှန်ကြားရေးမှူးချုပ် မစ္စတာ ဆာဂေး၊ အော်ဇွန်နီကစ်ဇေးထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

ပရဟိတဂေဟာနှင့်ချို့တဲ့ကျောင်းသားများအတွက် အလှူငွေကျပ်၁၀သိန်းနှင့် ကျောင်းဝတ်စုံများလှူဒါန်း

ရန်ကုန် မေ ၂၅

ဗဟန်းမြို့နယ် ပရဟိတဂေဟာနှင့် မြို့နယ်အတွင်းရှိ ချို့တဲ့ကျောင်းသားများအတွက် အလှူငွေကျပ် ၁၀သိန်းနှင့် ကျောင်းဝတ်စုံ၊ စာရေးကိရိယာများ လှူဒါန်းပွဲကို မေ၁၉ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရွှေဦးစွာ အလှူရှင်ရွှေတောင်ကြား(၂)ရပ်ကွက် ဗောဓိရိပ်သာလမ်း အမှတ် ၂၀ နေ ဦးတင့်လွင်(ခ) ဦးကြောင်စုံနှင့် ဒေါ်ဆီး(ခ)ဒေါ်ကြင်စွမ်(လွင်နှင့်စွမ်မိသားစု)တို့၏ မေ၂၇ ရက်တွင်ကျရောက်မည့် ရွှေရတုမင်္ဂလာအထိမ်းအမှတ်အဖြစ် ပရဟိတဂေဟာနှင့် ချို့တဲ့ကျောင်းသားများအတွက် အလှူငွေကျပ်၁၀သိန်းကို မြို့နယ်ဥက္ကဋ္ဌဦးထွန်းလှအောင်သို့ပေးအပ်လှူဒါန်းသည်။ **(ဝဲပုံ)**

ထို့နောက် အလှူရှင်မိသားစုများက ပရဟိတဂေဟာမှ ကျောင်းသားများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများပေးအပ်လှူဒါန်းကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ထူးခြားသည့်နေ့အပူချိန်များ

မင်းဘူး ၄၄ ဒီဂရီစင်တီဂရိတ် (၁၁၁ ဒသမ ၂ ဒီဂရီဖာရင်ဟိုက်)
မကွေး ၄၃ ဒီဂရီစင်တီဂရိတ် (၁၀၉ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်)
ရန်ကုန် ၃၆ ဒီဂရီစင်တီဂရိတ် (၉၇ ဒီဂရီဖာရင်ဟိုက်)

ကမ်းနီးကမ်းဝေးငါးဖမ်းရေယာဉ်များ ငါးမဖမ်းဆီးရန် တားမြစ်နေရာများထုတ်ပြန်ကြေညာ

ရန်ကုန် မေ ၂၅

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်း ရေပြင်အတွင်းရှိ ငါး၊ ပုစွန် သယံဇာတများ မျိုးမပြုန်းတီးစေရေးအတွက် ထိန်းသိမ်းရန်အလို့ငှာ ငါး၊ပုစွန်များ မျိုးပေါက်ပွားချိန်ဖြစ်သော ၂၀၀၅ ခုနှစ် ဇွန် ၁ ရက်မှ ဩဂုတ် ၃၁ ရက်အထိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ အနေဖြင့် ငါးဖမ်းဆီးခြင်း မပြုလုပ်ကြရန် ထုတ်ပြန်ကြေညာထားသည်။

ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ ငါးမဖမ်းဆီးရန် တားမြစ်ထားသည့် နေရာများမှာ ရခိုင်ငါးဖမ်းကွက်၌ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၀၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၀ မိနစ် အတွင်း (ငါးဖမ်းကွက်အမှတ် အေ–၂၀)ရှိ ငါးလုပ်ငန်းရေပြင်၊ ဧရာဝတီငါးဖမ်းကွက်၌ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ၀၀ မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၄ဒီဂရီ ၀၀ မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၀၀ မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဘီ–၁၅၊ ဘီ–၂၀) (ငါးဖမ်းကွက် အမှတ် စီ–၃ နှင့် စီ–၄ တွင် ကမ်းခြေမှ ၁၀မိုင် ကမ်းနီးဒေသအတွင်း)ရှိ ငါးလုပ်ငန်းရေပြင်၊ မွန်နှင့်တနင်္သာရီငါးဖမ်းကွက်၌ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ၃၀မိနစ်မှ မြောက်လတ္တီတွဒ် ၁၄ဒီဂရီ ၃၀မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၀မိနစ် အတွင်းတွင် (ငါးဖမ်းကွက်အမှတ် ဒီ–၂၃၊ ဒီ–၂၈ တွင် မြောက်မော့စကော့ကျွန်းနှင့် အလယ်မော့စကော့ကျွန်းကို ဆက်သွယ်သော မျဉ်းဖြောင့်၏ အရှေ့ဘက်)ရှိ ငါးလုပ်ငန်းရေပြင်၊ မြောက်လတ္တီတွဒ် ၁၂ဒီဂရီ ၀၀ မိနစ်မှ မြောက်လတ္တီတွဒ် ၁၃ဒီဂရီ၀၀မိနစ်နှင့် အရှေ့ လောင်ဂျီတွဒ် ၉၇ ဒီဂရီ၃၀မိနစ်မှ အရှေ့လောင်ဂျီတွဒ် ၉၈ဒီဂရီ၀၀ မိနစ်အတွင်းတွင် (ငါးဖမ်းကွက်အမှတ် အီး–၁၁၊ အီး–၁၇)ရှိ ငါးလုပ်ငန်းရေပြင်တို့ ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိုးဦးကျနှင့် မိုးရာသီတွင် ဖြစ်ပွားတတ်သော ရောဂါများအတွက် နှိုးဆော်ချက်

၁။ မိုးဦးကျရာသီတွင် အောက်ဖော်ပြပါ ကူးစက်တတ်သောရောဂါများ ပုံမှန်ဖြစ်ပွားလေ့ရှိပါသည်။
- (က) ဝမ်းပျက်၊ဝမ်းလျှောနှင့် ကာလဝမ်းရောဂါများ အပါအဝင် ဝမ်းနှင့်ပတ်သက်သည့် ရောဂါများ၊ အသည်းရောင် အသားဝါရောဂါနှင့် သန်ကောင်၊ တုတ်ကောင်ရောဂါများ၊
- (ခ) သွေးလွန်တုပ်ကွေးနှင့် ငှက်ဖျားရောဂါ၊
- (ဂ) တုပ်ကွေး၊ နှာစေးချောင်းဆိုးနှင့် အဆုတ်အအေးမိရောဂါ။

၂။ ဖြစ်ပွားရသည့် အကြောင်းရင်းမှာ–
- (က) မိုးဦးကျလာပြီဖြစ်၍ လှိုင်လှိုင်ပေါလာသည့် အချိုဓာတ်ပါသော သရက်သီး၊ ပိန္နဲသီး၊ ဖရဲသီး၊ ကြက်မောက်သီး၊ မင်းဂွတ်သီးစသည့် သစ်သီးဝလံများ၏ အခွံ၊ အစေ့ စသည်များကို စည်းကမ်းမဲ့ မဆင်မခြင် စွန့်ပစ်ခြင်းကြောင့် ယင်ပေါက်ဖွား၍ ယင်ပေါများခြင်း၊
- (ခ) ရာသီစာအမှည့်လွန်အသီးများကို စားသုံးခြင်း၊
- (ဂ) မိုးရွာပြီး ရေတင်၊ ရေဝပ်သဖြင့် ရေအိုင်၊ ရေဗွက်ဖြစ်၍ ရေမြောင်းပိတ်ခြင်းနှင့် ချုံနွယ်ပိတ်ပေါင်း ထူထပ်၍ ခြင်ပေါက်ဖွားခြင်း၊
- (ဃ) ရာသီဥတုအပြောင်းအလဲဖြစ်၍ အပူရှပ်ခြင်း၊ အအေးပတ်ခြင်း၊
- (င) ပတ်ဝန်းကျင်သန့်ရှင်းမှုနှင့် တစ်ကိုယ်ရေသန့်ရှင်းမှု နည်းပါးခြင်း၊
- (စ) ကျန်းမာရေးနှင့် ညီညွတ်သည့် အသိပညာနှင့် အလေ့အကျင့် အားနည်းခြင်း၊

၃။ အောက်ဖော်ပြပါတို့ကို လိုက်နာကျင့်သုံးခြင်းဖြင့် ဖော်ပြပါ ရောဂါများ ကူးစက်ပျံ့နှံ့ခြင်းမှ ကာကွယ်တားဆီးနိုင်မည် ဖြစ်ကြောင်း တိုက်တွန်းနှိုးဆော်အပ်ပါသည်။
- (က) အမှည့်လွန်အသီးများကို စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ခ) ယင်နားစာများကို မဆင်မခြင် စားသုံးခြင်းမှ ရှောင်ကြဉ်ပါ၊
- (ဂ) စားကြွင်းစားကျန် အမှိုက်သရိုက်များနှင် အညစ်အကြေးများကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမှ ရှောင်ကြဉ်ပါ၊
- (ဃ) မိမိတို့ မိသားစုအတွင်း ကျန်းမာရေးအသိပညာဖြန့်ဝေပါ၊ လိုက်နာကျင့်သုံးပါ၊
- (င) တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုလိုက်နာဆောင်ရွက်ပါ၊
- (စ) ရေကို ကျိုချက်၍သောက်ပါ၊
- (ဆ) လတ်ဆတ်သန့်ရှင်းသည့် အသီးအနှံနှင့် အစားအစာများကို ပူပူနွေးနွေး ချက်ပြုတ်စားသုံးပါ၊
- (ဇ) ရာသီဥတု၊ အပူအအေး အပြောင်းအလဲကို သတိရှိပါ၊
- (ဈ) ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းနှင့် ခြင်၊ ယင် နှိမ်နင်းရေးလုပ်ငန်းများကို အမျိုးသားရေးအမြင်ဖြင့် ဝိုင်းဝန်းစုပေါင်းဆောင်ရွက်ပါ၊
- (ည) ရောဂါတစ်မျိုးမျိုး ဖြစ်ပွားပျံ့နှံ့လာပါက ကျန်းမာရေးဌာနသို့ အမြန်ဆုံး သတင်းပို့ပါ၊
- (ဋ) လိုအပ်ပါက နီးရာဆေးပေးခန်း၊ ဆေးရုံများသို့ အချိန်မီသွားရောက်ပြသ စစ်ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန။

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

နှစ်နိုင်ငံဆက်ဆံရေး ရေရှည်တိုးတက် ကောင်းမွန်စေရေး တရုတ်နှင့်ဂျပန်ပူးပေါင်းလုပ်ဆောင်ကြရန် သမ္မတဟူကျင်တောင် တိုက်တွန်း

ပေကျင်း မေ ၂၄

တရုတ်သမ္မတ ဟူကျင်တောင်သည် ဂျပန်အာဏာရပါတီနှစ်ခုမှ အတွင်းရေးမှူးချုပ်များနှင့် ပေကျင်းမြို့၌ မေ၂၂ရက်က တွေ့ဆုံပြီး နှစ်နိုင်ငံဆက်ဆံရေးတွင် ရေရှည် ကောင်းမွန်ပြီး တည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်စေရန်အတွက် နှစ်နိုင်ငံလုပ်ဆောင်ကြရန် တိုက်တွန်းလိုက်သည်။

မျှော်လင့်

နှစ်နိုင်ငံအာဏာရပါတီအဖွဲ့အစည်းများ ဆွေးနွေးမှုနှင့် ဆက်သွယ်မှုခိုင်မာခြင်းသည် နှစ်နိုင်ငံဆက်ဆံရေး အခက်အခဲများရှိချိန်တွင် ဆက်ဆံရေးတိုးတက်စေရန်အတွက် အပြုသဘောဆောင်သော အကျိုးသက်ရောက်မှုကို ဖြစ်စေကြောင်း လစ်ဘရယ်ဒီမိုကရက်တစ်ပါတီမှ တာကီဘီဆူတိုမူ၊ ကိုမီပါတီမှ ဖူယူရှီဘာတက်ဆူဇိုတို့နှင့် ဆွေးနွေးစဉ် သမ္မတဟူက ပြောကြားသည်။ တရုတ်ကွန်မြူနစ်ပါတီနှင့် အစိုးရတို့က တရုတ်–ဂျပန်ဆက်ဆံရေး အရေးပါသည်ဟု သဘောထားကြကြောင်း၊ နှစ်နိုင်ငံသည် ငြိမ်းချမ်းစွာအတူ ယှဉ်တွဲနေထိုင်နိုင်ကာ မျိုးဆက်တစ်ခုမှတစ်ခုသို့ ချစ်ကြည်ရင်းနှီး၍ ဘုံဖွံ့ဖြိုးတိုးတက်မှုအတွက် အပြန်အလှန် အကျိုးဖြစ်ထွန်းစွာ ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု မျှော်လင့်ကြောင်း သမ္မတဟူက ပြောကြားသည်။

၁၉၇၂ခုနှစ်တွင် သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ချိန်မှစပြီး ဂျပန်နိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ချစ်ကြည်ရင်းနှီးမှု ရှင်သန်တိုးတက်စေရန် ယခင်နှစ်က နိုင်ငံခေါင်းဆောင်များ ကြိုးပမ်းအားထုတ်ခဲ့ကြကြောင်း တာကီဘီဆူတိုမူကလည်း ဆွေးနွေးပွဲ၌ ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အာဖဂန်အကျဉ်းသားများအား အမေရိကန်တို့ ညှဉ်းပန်းနှိပ်စက်မှု ပြင်းပြင်းထန်ထန်အရေးယူပေးရန် သမ္မတကာဇိုင်း တိုက်တွန်း

ကဘူး မေ ၂၄

အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းက ၎င်းတို့နိုင်ငံအတွင်းမှ အမေရိကန်စစ်ဆင်ရေးများအပေါ် အာဖဂန်အစိုးရက ပိုမိုထိန်းချုပ်ရန်လိုလားကြောင်း၊ အာဖဂန်အကျဉ်းသားများအား မတရားညှဉ်းပန်းနှိပ်စက်သည့် အမေရိကန်တပ်ဖွဲ့ဝင်များအပေါ် အမေရိကန်အစိုးရက ပြင်းပြင်းထန်ထန် ပြစ်ဒဏ် ချမှတ်ပေးစေလိုကြောင်း မေ ၂၁ရက်က ထုတ်ဖော် ပြောကြားလိုက်သည်။

လိုလား

ဝါရှင်တန်တွင် အမေရိကန်သမ္မတဘုရှ်နှင့် တွေ့ဆုံရန် အစီအစဉ်ရှိသည့် အာဖဂန်နစ္စတန် သမ္မတကာဇိုင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားရာ၌ ၂၀၀၂ ခုနှစ် ဒီဇင်ဘာလအတွင်းက အမေရိကန်စစ်အကျဉ်းစခန်းအတွင်း အာဖဂန်အကျဉ်းသားနှစ်ဦး သေဆုံးမှု အသေးစိတ် အချက်အလက်များကို ဖော်ပြထားသည့် အမေရိကန်စစ်ဘက် သတင်းတစ်ပုဒ်ကို ကြားသိရသောအခါ မိမိ များစွာတုန်လှုပ်မိကြောင်း၊ ယင်းကိစ္စနှင့် စပ်လျဉ်း၍ မိမိပြစ်တင်ရှုတ်ချကြောင်း၊ ထိုသို့သော အနိဋ္ဌာရုံများအတွက် အမေရိကန်အစိုးရအနေဖြင့် ပြင်းပြင်းထန်ထန် အရေးယူရန် မိမိတို့အစိုးရက လိုလားကြောင်းဖြင့် ထည့်သွင်းပြောကြားလိုက်သည်။

တောင်းဆို

မိမိတို့အစိုးရအား ကြိုတင် အကြောင်းမကြားဘဲ အာဖဂန်ပြည်သူတို့၏ နေအိမ်များကို ဝင်ရောက်ရှာဖွေမှု အဆုံးသတ်ရေး အပါအဝင် အမေရိကန်စစ်ဆင်ရေးများအပေါ် မိမိတို့အစိုးရက ပိုမိုပြောရေးဆိုခွင့်ရှိရန်လည်း သမ္မတဟာမစ်ကာဇိုင်းက တောင်းဆိုလိုက်သည်။

အမ်အင်အေ၊ဆင်ဟွာ

တည်ဆောက်မှုလုပ်ငန်းခွင်

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ အိုလံပစ်အားကစားပွဲတော်အတွက် ရေကူးပြိုင်ပွဲကျင်းပမည့် အဆောက်အအုံတည်ဆောက်နေမှု လုပ်ငန်းခွင်ကို မေ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အင်ဒိုနီးရှားသို့ခရီးသွားများပိုမိုလာရောက်ရေး နိုင်ငံပေါင်း၁၆နိုင်ငံအားဗီဇာအခွင့်အရေးများပေးမည်

ဂျကာတာ မေ ၂၄

နိုင်ငံခြားခရီးသွား ဧည့်သည်များကို ဆွဲဆောင်မှု ပိုမိုပြုလုပ်နိုင်ရန် နိုင်ငံပေါင်း ၁၆နိုင်ငံသို့ ဗီဇာနှင့် ပတ်သက်၍ အခွင့်အရေးကို အင်ဒိုနီးရှားအစိုးရက ပေးမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံ ယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနမှ အရာရှိတစ်ဦးက ပြောကြားသည်ဟု ပြည်တွင်း မီဒီယာများက ဖော်ပြသည်။

ပြောကြား

အဆိုပါနိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ ဆော်ဒီအာရေဗျ၊ အီဂျစ်၊ နယ်သာလန်၊ စပိန်၊ အိုင်ယာလန်နှင့်ဩစတြေးလျနိုင်ငံတို့ဖြစ်ပြီး အခြားကျန်ရှိသည့် ရှစ်နိုင်ငံ၏အမည်များကို ဖော်ပြရန် မပြုသေးကြောင်း အင်ဒိုနီးရှားနိုင်ငံယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာန၏ ဈေးကွက်ရှာဖွေရေး အရာရှိတစ်ဦးဖြစ်သူ အူဒင်ဆီဖူဒင်က ပြောကြားသည်။

ဆောင်ရွက်နိုင်မည်

ယခုအခါ ယင်းဗီဇာနှင့်ပတ်သက်သည့် မူဝါဒများကို တစ်နိုင်ငံချင်းစီ ဆွေးနွေးလျက်ရှိကြောင်း သိရသည်။ သို့သော်လည်း အဆိုပါကိစ္စရပ်ကို လာမည့်သုံးလနှင့် လေးလအကြား အကောင်အထည်ဖော်ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ လာမည့်စက်တင်ဘာလတွင် ဖြစ်နိုင်ဖွယ်ရာရှိကြောင်း၊ အဆိုပါ စက်တင်ဘာလတွင် အင်ဒိုနီးရှားအစိုးရအနေဖြင့် ဗီဇာမူဝါဒနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ကာ ဆောင်ရွက်နိုင်မည်ဟု ခန့်မှန်းထားကြောင်း မစ္စတာအူဒင်က ပြောကြားသည်။

ထပ်မံပြောကြား

အင်ဒိုနီးရှားယဉ်ကျေးမှုနှင့် ခရီးသွားလုပ်ငန်းဝန်ကြီးဌာနကလည်း ဗီဇာသက်တမ်းတိုးမြှင့်ပေးရန် အစိုးရထံ အဆိုပြုထားကြောင်း၊ ယင်းမှာ အင်ဒိုနီးရှားနိုင်ငံတွင် ၁၀ရက်မှ ရက်ပေါင်း ၆၀ခန့် နေထိုင်နိုင်ခွင့်ရှိမည့် ဗီဇာစည်းကမ်းချက်အဖြစ် ပြုပြင်ရန်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့အနီး ဆာဒီယာအရပ်တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားသည့်နေရာ၌ ပျက်စီးနေမှုများကို မေ ၂၄ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တိုက်ခိုက်ခံရမှုနှင့် မတော်တဆဖြစ်ရပ်များကြောင့် အီရတ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၄

အီရတ်နိုင်ငံတွင်ဖြစ်ပွားသော မတော်တဆဖြစ်ရပ်များနှင့်တိုက်ခိုက်ခံရမှုလေးခုကြောင့် မေ ၂၂ရက်က အမေရိကန် တပ်ဖွဲ့ဝင် ခုနစ်ဦးသေဆုံးခဲ့ရကြောင်း အမေရိကန်စစ်ဘက်က မေ၂၃ ရက်တွင် ပြောကြားသည်။

မိုဆူးလ်မြို့မြောက်ဘက်တွင် သီးခြားတိုက်ခိုက်မှု နှစ်ခုဖြစ်ပွားမှုကြောင့် အမေရိကန်တပ်ဖွဲ့ဝင်သုံးဦး သေဆုံးပြီး အခြားတပ်ဖွဲ့ဝင်တစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သော အစီရင်ခံစာတစ်ရပ်တွင် ဖော်ပြထားသည်။

ဖော်ပြထား

အခြား အမေရိကန်စစ်ဘက်ဆိုင်ရာ အစီရင်ခံစာ တစ်ရပ်တွင် ဖော်ပြထားရာ၌ မေ ၂၂ရက်က သီးခြားစီ ဖြစ်ပွားသော မတော်တဆမှုနှစ်ခုတွင် အမေရိကန်တပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးခဲ့သည်ဟု ဖော်ပြထားသည်။

သေဆုံး

ဘဂ္ဂဒက်မြို့မြောက်ဘက်ရှိ တီကရစ်မြို့တွင် မေ ၂၂ရက်က ကားဗုံးခွဲ တိုက်ခိုက်ခံရမှုကြောင့် အမေရိကန် တပ်ဖွဲ့ဝင် တစ်ဦးသေဆုံးခဲ့ရပြီး ကယ်ကွတ်မြို့အနီးတွင် မော်တော်ယာဉ် မတော်တဆဖြစ်ရပ်ကြောင့် ရရှိခဲ့သော ဒဏ်ရာဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားကြောင်း သိရသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နယ်စပ်ကို ပိုမိုတင်းကျပ်စွာထိန်းချုပ်ရန် ဆီးရီးယားနှင့် အီရတ် တိုက်ရိုက်ဆွေးနွေးမည်

အန်ကာရာ မေ ၂၄

အီရတ်နိုင်ငံအတွင်းသို့ နိုင်ငံခြားတိုက်ခိုက်ရေးသမားများ စိမ့်ဝင်ခြင်းကို ဟန့်တားရန်အတွက် နယ်စပ်ကို တင်းကျပ်စွာ ထိန်းချုပ်သွားနိုင်ရန် မိမိဆီးရီးယားသို့သွားရောက်မည်ဖြစ်ကြောင်း တူရကီနိုင်ငံ၌ အလည်ရောက်ရှိနေသည့် အီရတ်ဝန်ကြီးချုပ် အီဘရာဟင်အယ်လ်ဂျာဖာရီက မေ ၂၀ရက်က ပြောကြားလိုက်သည်။

လက်ခံမည်မဟုတ်

ဆီးရီးယားမှ လက်နက်ကိုင်အုပ်စုအချို့ စိမ့်ဝင်မှုများရှိကြောင်း၊ ထိုကိစ္စကို ဆီးရီးယားအာဏာပိုင်များနှင့် မိမိတို့ တိုက်ရိုက်ဆွေးနွေးမည်ဖြစ်ကြောင်း တူရကီဝန်ကြီးချုပ်နှင့်အတူ ပူးတွဲပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲ၌ ဂျာဖာရီက ပြောကြားသည်။ နိုင်ငံအားလုံးနှင့် ဆက်ဆံရေးခိုင်မာရန် အီရတ်က လိုလားသော်လည်း အီရတ်နိုင်ငံ၏ လုံခြုံရေးနှင့်တည်ငြိမ်မှုကို ဒုက္ခပေးမည့် မည်သည့်နိုင်ငံကမှ စိမ့်ဝင်သူမည်သူကိုမဆို လက်ခံမည်မဟုတ်ကြောင်း ဂျာဖာရီက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကုလလုံခြုံရေးကောင်စီဝင်အဖြစ် ထောက်ခံမှုရရန် အိန္ဒိယအပါအဝင် လေးနိုင်ငံကြိုးပမ်းဆောင်ရွက်

ကုလသမဂ္ဂ မေ ၂၄

အိန္ဒိယနိုင်ငံအပါအဝင်လေးနိုင်ငံတို့သည် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်နှင့် အမြဲတမ်းအဖွဲ့ဝင်မဟုတ်သောအဖွဲ့ဝင်နှစ်ရပ်လုံးတွင် ယင်းတို့၏ ကမ်းလှမ်းချက်များကို ထောက်ခံမှုရရန် ကြိုးပမ်းဆောင်ရွက်မှုအနေဖြင့် ယခုသီတင်းပတ်အတွင်းတွင် ဒေသဆိုင်ရာကိုယ်စားပြု အဖွဲ့ငါးဖွဲ့နှင့် လက်ရှိအမြဲတမ်း အဖွဲ့ဝင်လေးနိုင်ငံတို့မှ ကိုယ်စားလှယ်များနှင့် ကုလသမဂ္ဂလုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင်တို့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

လေးနိုင်ငံအုပ်စုတွင် အိန္ဒိယ၊ ဘရာဇီး၊ ဂျာမနီနှင့် ဂျပန်တို့ပါဝင်ပြီး တနင်္လာနေ့တွင် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ကိုဖီအာနန်နှင့် တွေ့ဆုံရန် စီစဉ်ထားကြောင်း၊ လုံခြုံရေးကောင်စီတိုးချဲ့ရေးတွင် အများသဘောဆန္ဒနှင့်အညီ ယင်းတို့၏ သဘောထားအမြင်များကို ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

တိုးချဲ့ရန်

သို့ရာတွင် ပါကစ္စတန်နှင့် အီတလီတို့ ဦးဆောင်သော အုပ်စုက အမြဲတမ်းအဖွဲ့ဝင်မဟုတ်သော အမျိုးအစားကိုသာ တိုးချဲ့ရန် သုံးသပ်တင်ပြထားကြောင်း၊ ယင်းတို့၏ အဖွဲ့ဝင်များသည် မေ ၂၀ရက်က ကိုဖီအာနန်နှင့်လည်း ဆွေးနွေးခဲ့ကြကြောင်း ၎င်းတို့၏သံတမန်များက ပြောကြားသည်။

ဂျီ–၄အုပ်စုမှ သံတမန်များသည် အမြဲတမ်းအဖွဲ့ဝင် အမေရိကန်၊ ရုရှား၊ ပြင်သစ်နှင့် တရုတ်တို့နှင့် တွေ့ဆုံခဲ့ပြီးဖြစ်ကြောင်း၊ လာမည့်သီတင်းပတ်တွင် ယင်းတို့၏ အမြင်များကို ရှင်းလင်းတင်ပြရန် ဗြိတိန်နှင့် တွေ့ဆုံရန် စီစဉ်ထားကြောင်း ၎င်းဂျီ–၄အုပ်စုမှ သံတမန်များက ပြောကြားသည်။

ထောက်ခံ

အမေရိကန်နှင့် တရုတ်တို့သည် လုံခြုံရေးကောင်စီအဖွဲ့ဝင် တိုးချဲ့ရေး မကြာသေးမီက တင်ပြထားပြီး ရုရှားက ကမ်းလှမ်းတင်ပြချက်များကို လေ့လာနေဆဲဖြစ်ကြောင်း၊ ဗြိတိန်နှင့် ပြင်သစ်တို့က ဂျီ–၄၏ တင်ပြချက် များကို ယေဘုယျအားဖြင့် ထောက်ခံထားကြောင်းသိရသည်။ **အမ်အင်အေ၊ပီတီအိုင်**

ဖလော်ရီဒါပြည်နယ်ရှိ ကနေဒီအာကာသယာဉ်စခန်းတွင် ပြန်လည်**အသုံးပြုမည့် အတ္တလန်တိတ်အာကာသယာဉ်အား စစ်ဆေးကြည့်ရှုနေသော** နာဆာဝန်ထမ်းတစ်ဦးကို မေ၂၄ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ–အင်တာနက်)



အကျဉ်းသားနှစ်ဦးအား သေဆုံးသည်အထိ ကန်တို့နှိပ်စက်ခဲ့မှု ကုလအထူးသံတမန် ပြင်းထန်စွာ ဝေဖန်ကန့်ကွက်

ကဘူး မေ ၂၄

အာဖဂန်နစ္စတန်နိုင်ငံရှိ အမေရိကန်ထိန်းချုပ်ထားသည့်အကျဉ်းစခန်းများတွင် ဖမ်းဆီးထိန်းသိမ်းထားသူများအား မတရားနှိပ်စက်သည်ဆိုသော သတင်းနှင့်စပ်လျဉ်း၍ အာဖဂန်နစ္စတန်နိုင်ငံဆိုင်ရာ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးသံတမန် ဂျင်းအာနော့လ်က ပြင်းပြင်းထန်ထန်ဝေဖန် ကန့်ကွက်လိုက်သည်။

နယူးယောက်တိုင်းမ်တွင် ဖော်ပြခဲ့သော ၂၀၀၂ခုနှစ်အတွင်း ဘာဂရမ်၌အာဖဂန် အကျဉ်းသား နှစ်ဦးကို သေသည်အထိ မတရားညှဉ်းပန်းနှိပ်စက်ခဲ့သည့် အကြောင်းအရာသည် လက်ခံနိုင်စရာမရှိသော အဖြစ်အပျက် အကြောင်းအရာပင်ဖြစ်ကြောင်း ကြေညာချက်ထုတ်ပြန်ရာ၌အာနော့လ်က ပြောကြားထားသည်ကို ကုလသမဂ္ဂထောက်ပံ့ကူညီရေးအဖွဲ့ ပြောခွင့်ရှိသူ ရစ်ချက်ပရိုဗင်ချာက ဖတ်ကြားပြခဲ့သည်။

ရေးသားဖော်ပြ

စစ်ဘက်စုံစမ်း စစ်ဆေးချက်ကို ရည်ညွှန်းလျက်နယူးယောက်တိုင်းမ်သတင်းစာ၏ သောကြာနေ့ထုတ်တွင်ဒီလာဝါနှင့်အီလာဘီဘူလာဆိုသော အာဖဂန်နှစ်ဦးသည်ကဘူးမြောက်ဘက်ကီလိုမီတာ၅၀အကွာ ဘာဂရမ်ရှိ အမေရိကန်စစ်ဘက်ထိန်းသိမ်းရေးစခန်း၌မတရား ညှဉ်းပန်းနှိပ်စက်ခြင်းခံရပြီး နောက်ပိုင်း၌ သေဆုံးခဲ့ရကြောင်း ရေးသားဖော်ပြခဲ့သည်။

ပြောကြား

ထိုကဲ့သို့သော မတရားညှဉ်းပန်း နှိပ်စက်မှုများသည် လက်ခံနိုင်စရာ မရှိကြောင်း၊ အာဖဂန်နစ္စတန်တွင် နိုင်ငံတကာဆိုင်ရာ အသိုင်းအဝိုင်းက ထားရှိသည့်ရပ်တည်ချက်အားလုံးကို စော်ကားခြင်းပင် ဖြစ်ကြောင်း ကုလသမဂ္ဂ သံတမန်ဂျင်းအာနော့လ်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး အီဂျစ်နှင့်ပါလက်စတိုင်း ခေါင်းဆောင်များဆွေးနွေး

ကိုင်ရို မေ ၂၄

အီဂျစ်သမ္မတ မူဘာရက်သည် ညှိသည့်တော် ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ်အား ပင်လယ်နီ အပန်းဖြေစခန်း ရှမ်အယ်ရှိတ်တွင် မေ ၂၃ရက်က လက်ခံတွေ့ဆုံသည်။

အရှေ့အလယ်ပိုင်းငြိမ်းချမ်းရေး အတွက် နောက်ဆုံးဖြစ်ပေါ် ပြောင်းလဲမှုများကို နှစ်ဖက်ဆွေးနွေးကြသည်။

ပါလက်စတိုင်းခေါင်းဆောင် မာမွတ်အဘတ်စ် မေ ၂၆ ရက်တွင် အမေရိကန်ပြည်ထောင်စုသို့ မသွားရောက်မီ သဘောထားညှိနှိုင်းသည့် အနေဖြင့် ၎င်းတို့သည် ဂါဇာကမ်းမြောင်နှင့် အနောက်ဘက်ကမ်းမှ အစ္စရေးတို့ ရုပ်သိမ်းပေးမည့် ကိစ္စကို အဓိကဆွေးနွေးကြကြောင်း မီနာသတင်းဌာနက ကြေညာသည်။

ပါလက်စတိုင်း ခေါင်းဆောင် မာမွတ်အဘတ်စ်က အစ္စရေးဝန်ကြီးချုပ် ရှာရွန်နှင့် ဇွန်လ ၇ရက်တွင် တွေ့ဆုံမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောဆိုသည်။ **အမ်အင်အေ၊ဆင်ဟွာ**

နှစ်နိုင်ငံဆက်ဆံရေး အပြန်အလှန်တိုးမြှင့်ရန် ဘရာဇီးနှင့်အာဂျင်တီးနား နှစ်နိုင်ငံသဘောတူညီ

ဘရာဇီးလီးယား မေ ၂၄

တောင်အမေရိကအင်အားကြီးနိုင်ငံ နှစ်နိုင်ငံဖြစ်သည့် အာဂျင်တီးနားနှင့် ဘရာဇီးတို့သည် ကွဲပြားခြားနားမှုများကို အဆုံးသတ်ပြီး ခိုင်မာသောပူးပေါင်းဆောင်ရွက်မှုများကို ပြုလုပ်သွားကြရန် မေ ၂၀ ရက်က သဘောတူညီခဲ့ကြသည်။

အဆိုပါပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေးသဘောတူ စာချုပ်ကို ဘရာဇီးနိုင်ငံခြားရေးဝန်ကြီး ဆယ်ဆိုအမိုရမ်နှင့်အာဂျင်တီးနား နိုင်ငံခြားရေးဝန်ကြီး ရာဖေးလ်ဘီလ်ဆာတို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အရှိန်အဟုန်မြှင့်

နှစ်နိုင်ငံအပြန်အလှန်ဆက်ဆံရေး နက်နက်ရှိုင်းရှိုင်းဖြင့် အရှိန်အဟုန်မြှင့် ပူးပေါင်းဆောင်ရွက်ကြရန်လည်း အာဂျင်တီးနားနှင့် ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးများက ပြောကြားခဲ့ကြသည်။

ပူးတွဲဆောင်ရွက်မည်

အာဂျင်တီးနားနှင့်ဘရာဇီးနှစ်နိုင်ငံတို့သည် နျူးကလီးယားနှင့် အာကာသရေးရာကိစ္စရပ်များတွင် အင်တိုက်အားတိုက် ပူးပေါင်းဆောင်ရွက်ရန် စွမ်းအင်ကဏ္ဍနှင့် အခြေခံအဆောက်အအုံ လုပ်ငန်းများအပါအဝင် နယ်စပ်ရေးရာကိစ္စရပ်များတွင်လည်း ပူးတွဲဆောင်ရွက်ကြမည် ဖြစ်ကြောင်း ဘရာဇီးနိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်သည့် ပူးတွဲကြေညာချက်တွင်ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ပျက်စီး

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ပျက်စီးသွားသော မော်တော်ယာဉ်တစ်စီးကို မေ ၂၄ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

ကမ္ဘာ့ခရီးသွားများအား ဆွဲဆောင်နိုင်မှု ဟောင်ကောင်က သတ္တမအဆင့်တွင်ရှိ

ဟောင်ကောင် မေ ၂၄

ဟောင်ကောင်သည် ၂၀၀၄ခုနှစ်တွင် ခရီးသွား ၂၁ဒသမ၈သန်းကျော် လာရောက်လည်ပတ်ခဲ့ခြင်းကြောင့် ကမ္ဘာ့ခရီးသွားများအား ဆွဲဆောင်နိုင်မှုတွင် သတ္တမအဆင့်ရှိကြောင်း မေ၂၂ရက်က ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့၏ စာရင်းဇယားများတွင် ဖော်ပြသည်။

ပြီးခဲ့သောနှစ်က ဟောင်ကောင်သို့ ခရီးသွားများလာရောက်လည်ပတ်မှု အများဆုံးနှစ်ဖြစ်ခဲ့သည်။ အဓိကလာရောက်သူများသည် တရုတ်ပြည်မကြီးမှ ခရီးသွားများဖြစ်နိုင်သည်ဟု မှတ်ယူရသည်။ တရုတ်ပြည်မကြီးသည် ဟောင်ကောင်အား ခရီးသွားများကိုဆွဲဆောင်နိုင်သော ကမ္ဘာ့မြို့ကြီး၁၀မြို့ စာရင်းဝင် မြို့တစ်မြို့ဖြစ်အောင် လုပ်ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပိုမိုဆွဲဆောင်

ယခုအခါ တရုတ်ပြည်မကြီးသည် ခရီးသွား ၄၁သန်းကျော်ကို ဆွဲဆောင်နိုင်ခြင်းဖြင့် စတုတ္ထအဆင့်ရရှိထားသော အီတလီနိုင်ငံကို အနိုင်ယူခဲ့ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့စာရင်းက ပြဆိုသည်။ ခရီးသွားများအား အီတလီရှိ ယူဖီဇီဂယ်လာရီနှင့် ပီဆာတာဝါများထက် တရုတ်ပေကျင်းမြို့ရှိ ပဲလေ့စ်ပြတိုက်နှင့် ဂရိတ်ဝေါလ်တို့က ပိုမိုဆွဲဆောင်မှုရှိကြောင်း သိရသည်။

ပြင်သစ်နိုင်ငံသည် သဘာဝရှုခင်းများဖြင့်ပြီးခဲ့သောနှစ်က ခရီးသွား၇၅သန်းကို ဆွဲဆောင်နိုင်ခဲ့သည်။ ပြင်သစ်၏ နောက်တွင် စပိန်နှင့် အမေရိကန်နိုင်ငံတို့ရှိကြကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဖျာပုံခရိုင်အေး ချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင် စီဥက္ကဋ္ဌဒုတိယဗိုလ် မှူး ကြီးရဲထွဋ်နှင့်ဇနီးဒေါ်မြမြတို့အား အမှူးထား၍ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်၊ ဇနီး ဒေါ်ခင်စန်းရီ နှင့်အဖွဲ့ဝင်များ ဦးဆောင်၍ မေ ၂၁ရက်က ကျိုက်လတ်မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာများမှ ရှင်လောင်း ၂၀၇ပါးတို့အား ရှင်သာမဏေအဖြစ်သို့ သွတ်သွင်းချီးမြှင့်ခြင်း မင်္ဂလာအခမ်းအနားကို ကျိုက်လတ်မြို့ ၇လမ်းရှိ တိလောကမာရဇိန်ဘုရားကြီး တန်ဆောင်းတွင်ကျင်းပစဉ်။ (မြို့နယ်ပြန်/ဆက်)

ပင်လောင်းမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့် အလှူငွေနှင့်မဂ္ဂဇင်း၊ ဂျာနယ်များ ပေးအပ်လှူဒါန်း

ပင်လောင်း မေ ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း)ပင်လောင်းမြို့နယ် ပင်လောင်းကြီးကျေးရွာအုပ်စု ပင်လောင်းကြီးအရှေ့ရွာတွင် သုတကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၂ ရက် နံနက် ၁၁ နာရီက စာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ပင်လောင်းမြို့နယ် ဥက္ကဋ္ဌ ဦးစောလှဦးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးထွန်းလင်းက စာကြည့်တိုက် ရေရှည်တည်တံ့ရေး လုပ်ငန်းစဉ်များကို ရှင်းလင်းဟောပြောသည်။

ထို့နောက်စာကြည့်တိုက်အတွက် မြို့နယ်ဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများမှ အလှူငွေကျပ် ၅၀၀၀၊ ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းစိန်ထွန်းရီက အလှူငွေကျပ် ၅၀၀၀၊ ကျေးရွာလူငယ်များမှ အလှူငွေကျပ် ၅၀၀၀၊ကျေးရွာ ပြည်သူများက စုပေါင်းအလှူငွေကျပ် ၁၅၆၀၀၊မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှမဂ္ဂဇင်းမျိုးစုံ ၅၀၊ဌာနဆိုင်ရာနှင့် ကျေးရွာအလှူရှင်များက ဂျာနယ် ၆၁စောင်၊စာအုပ်မျိုးစုံ ၂၆အုပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဝင်များက လက်ခံရယူကြသည်။

ဆက်လက်၍ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနား ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌ ဦးစောလှဦး၊မြို့နယ်ဦးစီးမှူး ဦးထွန်းလင်းနှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးစိုင်းစိန်ထွန်းရီတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)**

တောင်ကြီးမြို့တွင် မြတ်ပညာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

တောင်ကြီး မေ ၁၅

တောင်ကြီးမြို့နယ် နမ့်ဆီးကျေးရွာအုပ်စု ပင်ငိုကျေးရွာတွင် မြတ်ပညာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၅ရက်နံနက် ၈နာရီက ကျင်းပရာ တောင်ကြီးခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဒုတိယဦးစီးမှူး ဦးဝင်းနိုင်နှင့် ကျေးရွာဥက္ကဋ္ဌ ဦးသိန်းဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

စာကြည့်တိုက်ဖွင့်ပွဲသို့ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကျေးရွာပြည်သူများ တက်ရောက်ကြပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ရေရှည်တည်တံ့ရေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် စာကြည့်တိုက်အတွက် ဂျာနယ်စာစောင် ၁၀၀ကို စာကြည့်တိုက် တာဝန်ခံထံ ပေးအပ်လှူဒါန်းသည်။

(ခရိုင် ပြန်/ဆက်)

ရေဦးမြို့နယ်တွင် စီမံကိန်းတာဝန်ပေးအပ်

ရေဦး မေ ၁၅

ရေဦးမြို့နယ်၏ ၂၀၀၅–၂၀၀၆ ခုနှစ် စီမံကိန်း တာဝန်ပေးအပ်ပွဲအခမ်းအနားကို မေ ၆ရက် နံနက် ၁၀နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးထင်ကျော်အေးက အမှာစကားပြောကြားပြီး မြို့နယ်မြေစာရင်းဦးစီးမှူး ဦးချစ်မောင်နှင့် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း လက်ထောက်မန်နေဂျာဒေါ်ခင်ရွှေလင်းတို့က စီမံကိန်းတာဝန် ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက ၂၀၀၅–၂၀၀၆ခုနှစ် စီမံကိန်းတာဝန်များကိုကျေးရွာအုပ်စုတစ်ခုချင်းသို့ စိုက်ပျိုးရေးစခန်း အလိုက်ပေးအပ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

အမြို့မြို့ အနယ်နယ် သတင်းများ

နောင်မွန်ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းကြီးမှူး ပျားမွေးမြူရေး ဆင့်ပွားသင်တန်းဆင်း

နောင်မွန် မေ ၁၀

နောင်မွန်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော ပျားမွေးမြူရေး ဆင့်ပွားသင်တန်းဆင်းပွဲ အခမ်းအနားကို မေ ၃ရက်က အသင်းရုံးခန်းမ၌ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌဦးကျော်ကျော်က သင်တန်းဆင်းအမှာစကားပြောကြားကာ သင်တန်းသား ၂၀ အား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

သင်တန်းတွင် ပူတာအိုမြို့နယ်မှ လုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးတန်ရှင်ရဲရမ်က နည်းပြအဖြစ်တာဝန်ယူ သင်ကြားပေးပြီး သင်တန်းအတွက် ထောက်ကူပစ္စည်းများကို မေတ္တာဖောင်ဒေးရှင်းက ထောက်ပံ့လှူဒါန်းကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဖားကန့်မြို့နယ် ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးမှူး အမှုဆောင်များ စီမံခန့်ခွဲရေးဆင့်ပွားသင်တန်းဖွင့်

ဖားကန့် မေ ၁၈

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူး၍ အမှုဆောင်များ စီမံခန့်ခွဲရေး(ဆင့်ပွား)သင်တန်း အမှတ်စဉ်(၉) ဖွင့်ပွဲကို မေ ၁၁ရက် နံနက် ၈နာရီခွဲက ဆိပ်မူကျေးရွာအုပ်စု အခြေခံပညာ အလယ်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နယ်မြေခံတပ်မှ ဗိုလ်မှူးကြီးဆန်းညွန့်ဦးနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမင်းဆွေ တို့က အမှာစကားပြောကြားကြပြီး မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းအတွင်းရေးမှူး ဦးစိုင်းသိန်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဖားကန့်မြို့နယ် အတွင်းရှိ လုပ်ငန်းရှင် ၁၀ဦးက သင်တန်းအတွက် အလှူငွေကျပ် ၈၈၀၀၀၀ ကိုပေးအပ်လှူဒါန်းရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက လက်ခံရယူသည်။

သင်တန်းသို့ ဖားကန့်မြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၆အုပ်စုမှ သင်တန်းသား၊ သင်တန်းသူ ၆၃ဦး တက်ရောက်ကြကြောင်း သိရသည်။

(ကြံ့ခိုင်ဖွံ့ဖြိုးရေး)

မိုးကောင်းမြို့နယ်တွင် ရန်နံ့သစ်စာကြည့်တိုက်ဖွင့် စာအုပ်များ ပေးအပ်လှူဒါန်း

မိုးကောင်း မေ ၁၄

မိုးကောင်းမြို့ ရန်နံ့သစ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၆ ရက် နံနက် ၈နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ ကျင်းပရာ မြို့နယ်ဥက္ကဋ္ဌနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌတို့က အမှာစကားပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူးဦးအောင်ကြည်က စာကြည့်တိုက်ရှင်သန်ဖွံ့ဖြိုးရေးနှင့် ရေရှည်တည်တံ့အောင် ထိန်းသိမ်းရေးဆိုင်ရာလုပ်ငန်းစဉ်များကို ဆွေးနွေးသည်။

ဆက်လက်၍ အလှူရှင်များက အလှူငွေနှင့် သုတ၊ ရသစာအုပ်များကို ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းအောင်ဦးသို့ ပေးအပ်လှူဒါန်းကြသည်။ **(၄၁၆)**

မြင်းခြံမြို့ ငါ့နန်းကျေးရွာ နှစ်လက်မစက်ရေတွင်းအား လက်ထောက်အင်ဂျင်နီယာ(ပြင်ထိန်း) ဦးသန့်ဇင်ထွန်း ကြီးကြပ်တူးဖော်လျက်ရှိရာ ဧပြီ ၂၆ ရက်က အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်နှင့် လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချင်းတို့ ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပေါင်မြို့နယ် ပန်းကုန်းကျေးရွာတွင် အလှူရှင် ဒေါ်အေးအေးမွန်၏ (၃၈)နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် ဆောက်လုပ် လှူဒါန်းသော ပန်းကုန်းကျေးရွာ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းခွဲ သားဖွားခန်း အဆောက်အအုံဖွင့်ပွဲကို ဧပြီ ၂၆ ရက်က ကျင်းပရာ မွန်ပြည်နယ် ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာဦးတင်ဝင်းကျော်နှင့် အလှူရှင်၏ခင်ပွန်း ဦးနေဝင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၂၆၀)

ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အား ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး တွေ့ဆုံနှုတ်ဆက်

ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Xu Rongkai ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့ ပြည်ထဲရေး ဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၅

ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ်အုပ်ချုပ်ရေးမှူး H.E. Mr. Xu Rongkai ခေါင်းဆောင်သောကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Li Jinjun နှင့်အတူ မေ ၂၃ ရက် ညနေ ၄ နာရီတွင် ရန်ကုန်မြို့ စက်မှု(၁) လမ်းနှင့် ဆရာစံလမ်းထောင့်ရှိ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ နှုတ်ဆက်သည်။

တွေ့ဆုံပွဲသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ဘုန်းဆွေ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီနှင့်ပြည်ထဲရေးဝန်ကြီးဌာနအောက်ရှိ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြပြီး နှစ်နိုင်ငံလုံခြုံရေးကိစ္စများ၊ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးကိစ္စများ ပူးပေါင်းတိုးမြှင့် ဆောင်ရွက်ရေးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

❒ *ကျောဖုံးမှ*

ဆွေးနွေး

ဆက်လက်၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်က ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးပြီး ဒုတိယဝန်ကြီး ဗိုလ်မှူးကြီး လှသိန်းဆွေက လိုအပ်သည်များကို မှာကြားသည်။

အစီအမံများချမှတ်

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်လှထွန်းက နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ယခုအစည်းအဝေး၌ တင်ပြ ဆွေးနွေးခဲ့ကြသည်များကို အခြေခံပြီး ရှေ့ဆက်ဆောင်ရွက်ရမည့် အစီအမံများ ချမှတ်သွားကြရန် အထူးအရေးကြီးကြောင်း၊ နိုင်ငံတော်၏ ဦးတည်ချက်များ ပြည့်မီအောင်မြင်စေရေး အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ဌာနအသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုတိုင်းသည် လစ်ဟာကွက်မရှိအောင် ထိရောက် ထက်မြက်စေရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှု၊ ဝန်ဆောင်မှုပေးရာတွင် မြန်ဆန်ချောမွေ့စေမှု၊ စေတနာ အရင်းခံပြီး ဆက်ဆံရေး ပြေပြစ်မှု၊ နည်းပညာဆိုင်ရာတိုးတက်မှု အရည်အသွေးများနှင့် ပြည်သူလူထုအတွက် နိုင်ငံတကာအဆင့်မီ အကောင်းဆုံး ငွေကြေးဆိုင်ရာဝန်ဆောင်မှုများ ဆောင်ရွက်ရမည်ဆိုသည်ကို သိရှိနားလည် ခံယူထားကြရန် အရေးကြီးကြောင်း၊ ဌာနခွဲတာဝန်ခံ၊ ဒေသတာဝန်ခံများအနေဖြင့်လည်း ဌာနအလိုက်၊ ပြည်နယ်၊ တိုင်းအလိုက် မိမိလက်အောက်ဌာနဝန်ထမ်းများအား စွမ်းရည်ပြည့်ဝစေရေးနှင့် စနစ်တကျရှိစေရေး အမြဲဂရုပြုကြပ်မတ်နေရန်နှင့် ဌာန၏ တာဝန်နှင့် ရည်မှန်းချက်များကို မှန်ကန်ပြည့်စုံစွာ နားလည်သဘောပေါက်ရေး၊ အပြည့်အဝ တာဝန်ထမ်းဆောင်ရေးအတွက် တွန်းအားပေးနေရန်လိုအပ်ကြောင်း စသည်ဖြင့်အကျယ်တဝင့် ပြောကြားသွားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆောက်လုပ်ရေးဝန်ကြီး ဗိုလ်ချုပ်စောထွန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ အမှာစကားပြောကြား

ရန်ကုန် မေ ၂၅

ဆောက်လုပ်ရေးဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့ နံနက် ၉နာရီတွင် ရန်ကုန်မြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းရှိ မြို့ရွာနှင့် အိုးအိမ် ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်) အစည်းအဝေးခန်းမဆောင်၌ ကျင်းပရာ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်း၊ ဒုတိယဝန်ကြီး များဖြစ်ကြသော ဦးတင့်ဆွေနှင့် ဗိုလ်မှူးချုပ်မြင့်သိန်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဟန်ဇော်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ဝင်း၊ ဆောက်လုပ်မှုစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးတင့်နှင့် ဌာနအကြီးအကဲများ၊ ပြည်နယ်နှင့် တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ လမ်း၊ တံတား၊ အဆောက်အအုံနှင့် လေယာဉ်ကွင်းစီမံကိန်းများမှ အင်ဂျင်နီယာမှူးကြီးများ၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာမှူးများနှင့် တာဝန်ခံ အင်ဂျင်နီယာများတက်ရောက်ကြသည်။

အမှာစကားပြော

လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ရှေးဦးစွာ ဝန်ကြီး ဗိုလ်ချုပ်စောထွန်းက အဖွင့်အမှာစကားပြောကြားသည်။

အခြေအနေ

ယင်းနောက် ပြည်နယ်နှင့်တိုင်းများမှ အင်ဂျင်နီယာမှူးကြီးများက မိမိတို့ လုပ်ကိုင်ဆောင်ရွက်ရသည့် လုပ်ငန်းအခြေအနေ၊ ရန်ပုံငွေရရှိမှု အခြေအနေ၊ စက်ယန္တရားများနှင့် ဆောက်လုပ်ရေးပစ္စည်းများ ရရှိသုံးစွဲမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များကိုမှာကြားပြီး ပထမနေ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အစည်းအဝေးကျင်းပ

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဗဟိုအမှုဆောင်အစည်းအဝေး (၅/၂၀၀၅)ကို အမှတ် ၅၂၉ ကုန်သည်လမ်း စာပေဗိမာန် အဆောက်အအုံ ဒုတိယထပ်ရှိ အစည်းအဝေးခန်းမဆောင်၌ ယနေ့မွန်းလွဲ ၁နာရီက ကျင်းပသည်။

ဗဟိုအမှုဆောင်အစည်းအဝေး (၅/၂၀၀၅)သို့ မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)၊ ဒုတိယဥက္ကဋ္ဌများဖြစ်သည့် ဦးတင်ခ(တက္ကသိုလ်တင်ခ)၊ ဦးသန်းမောင်(သန်းမောင်)၊ ဦးမြင့်သိန်း(မြင့်သိန်းအောင်)၊ အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)နှင့် တွဲဖက်အတွင်းရေးမှူးများ၊ ဗဟိုအမှုဆောင်ကော်မတီဝင်များ တက်ရောက်ကြသည်။

ဗဟိုအမှုဆောင်အစည်းအဝေး(၅/၂၀၀၅)အခမ်းအနားတွင် မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌဦးလှမြိုင်(ကိုဆောင်း)က သဘာပတိအဖြစ် ဆောင်ရွက်ပြီး တွဲဖက်အတွင်းရေးမှူး(၃) ဦးခင်ဆွေ(ရွှေစွန်ညို)က အခမ်းအနားမှူး အဖြစ်ဆောင်ရွက်သည်။

ဆောင်ရွက်ပြီးစီးမှုတင်ပြ

အစီအစဉ်အရ သဘာပတိ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးလှမြိုင်(ကိုဆောင်း)က အဖွင့်အမှာစကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးလှထွန်း(လှထွန်း-တွံတေး)က ဗဟိုအမှုဆောင်အစည်းအဝေး(၄/၂၀၀၅)၏ ဆုံးဖြတ်ချက်များ ဆောင်ရွက်ပြီးစီးမှုကိုတင်ပြသည်။

ဆက်လက်ပြီး ရုံးအဖွဲ့၊ စည်းရုံးရေးလုပ်ငန်းအဖွဲ့၊ ဘဏ္ဍာရေးအဖွဲ့၊ စာအုပ်ထုတ်ဝေရေးနှင့် ဟောပြောဆွေးနွေး လေ့လာရေးလုပ်ငန်းအဖွဲ့၊ ရန်ပုံငွေရှာဖွေရေးလုပ်ငန်းအဖွဲ့၊ သက်သာချောင်ချိရေးလုပ်ငန်းအဖွဲ့၊ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်းအဖွဲ့၊ စာရင်းစစ်အဖွဲ့၊ စာပေရန်ပုံငွေကြီးကြပ်ရေးအဖွဲ့တို့၏အဖွဲ့ခေါင်းဆောင်များက အဖွဲ့လုပ်ငန်းဆောင်ရွက်ထားမှုများအား တင်ပြကြပြီး တက်ရောက်လာကြသည့် ဗဟိုအမှုဆောင်ကော်မတီဝင်များက အကြံပြုဆွေးနွေးကြသည်။

ထို့နောက် သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေ ၃နာရီခွဲတွင် ရပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ထစ်ချုန်းမိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒ ဗုဒ္ဓ သာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ ရုံးခန်း (ဗဟန်း ၃လမ်း မှတ်တိုင်အနီး)တွင် အမှတ် ၁၄ သာခုလမ်း ကြည့်မြင်တိုင် ရန်ကုန်မြို့နေ အလှူရှင် ဦးဝင်းတင်-ဒေါ်ဒေါ်ပု သားသမီးမြေးတစ်စုက အလှူငွေကျပ် ၅၀၀၀၀၀ကို ဦးမောင်မောင်မြင့်(အတွင်းရေးမှူး)ထံ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ၏နောက်ဆုံးသီတင်းပတ်

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

ငါးရစ်၊ ငါးသန် ရာသီချိန်တွင် ငါးမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၁/၉၇)

ငါးရစ် ငါးသန်၊ ဘေးမဲ့ချန်၊ ပုံမှန်စားသုံး၊ မျိုးမတုံး

မိုးဖြိုင်ဖြိုင်ရွာသော မေလနှောင်းပိုင်းနှင့် ဇွန်၊ ဇူလိုင်လများတွင် မြစ်ချောင်း၊ အင်းအိုင်အနှံ့အပြား၌ ဥများဖြင့် ပြည့်နေသော ငါးမကြီးများနှင့် မျိုးရည်ပြည့်ဝသော ငါးထီးကြီးများသည် ဥချရန်နေရာရှာဖွေ၍ ငါးရစ်တက်ကြပါသည်။

ထိုငါးရစ်ငါးများကို ဖမ်းဆီးလိုက်ပါက ပေါက်ဖွားလာမည့် သန်းပေါင်းများစွာသော နုနယ်လှသည့် သားပေါက်ငါးသန်များသည်လည်း သေကျေပျက်စီးကာ တစ်နိုင်ငံလုံး ဖူလုံစွာစားသုံးမှုနှင့် အမျိုးသားစီးပွားရေး ဖွံ့ဖြိုးမှုကို အထောက်အကူမပြုတော့ဘဲ ငါးမျိုးပြုန်းတီးသွားစေနိုင်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၂/၉၂)ဖြင့် ငါးရစ်၊ ငါးသန်ရာသီချိန်များတွင် ငါးလုပ်ငန်းဦးစီးဌာန၏ ခွင့်ပြုချက်မှတစ်ပါး ငါးများဖမ်းဆီးခြင်းမပြုရန် တားမြစ်ထားပါသည်။ အဆိုပါတားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ပါက ရေချိုငါးလုပ်ငန်းဥပဒေပုဒ်မ(၄၅)အရ ဖမ်းဆီးတရားစွဲအပြစ်ပေးနိုင်ရန် ပြဋ္ဌာန်းထားပါသည်။

သို့ပါ၍ ငါးရစ်တက်ချိန်နှင့် ငါးသန်သားပေါက်သော မိုးရာသီအချိန်များတွင် လွတ်လပ်စွာ ဥချ သားပေါက်နိုင်ရန် ဖမ်းဆီးခြင်းမပြုဘဲ ဘေးမဲ့ပေးကြပါရန် နှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

● *ကျောဖုံးမှ*

အမည်ပေါက် မဟုတ်ပါဘဲ ဆက်ခံခွင့်ရှိသူ လျှောက်ထားပါက ရက်ပေါင်း ၃၀ကြာမြင့်မည်ဖြစ်သည်။

အဆောက်အအုံ ကိစ္စများနှင့် ပတ်သက်၍ အချက်အလက်ပြည့်စုံပါက အမှုတွဲလက်ခံသည့်နေ့မှ ခုနစ်ရက်ပြည့်မြောက်သည့်နေ့တွင် ငွေသွင်းဆောင်ရွက်ခွင့်ရရှိပြီး အမှုတွဲလက်ခံသည့်နေ့မှ ၁၄ ရက် ပြည့်မြောက်သည့်နေ့တွင် ခွင့်ပြုမိန့်ထုတ်ပေးမည်ဖြစ်သည်။

မြေယာကိစ္စ၊ အဆောက်အအုံကိစ္စနှင့်ပတ်သက်၍ အချက်အလက် အပြည့်အစုံကို မြို့တော်ခန်းမရှိ လူမြင်ကွင်းနေရာအနှံ့၌ ကြော်ငြာ သင်ပုန်းများဖြင့် ဖော်ပြထားသည်။ **(၂၁၀)**

ပြန်ကြားရေးဝန်ကြီး ကျောင်းသုံးဗလာစာအုပ်ရိုက်နှိပ်မှုကြည့်ရှုစစ်ဆေး
သတ်မှတ်အရေအတွက်အပြည့်အဝပြီးစီးရေး တာဝန်ရှိသူများအားမှာကြား



ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖိုတိုလစ်သိုပုံနှိပ်စက်ရုံ၌ စက်ပိုင်းဆိုင်ရာ ကြံခိုင်ရေးဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ရန်ကုန် မေ ၂၅

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းလိုက်ပါလျက် ယနေ့ညနေ၄နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဖိုတိုလစ်သိုပုံနှိပ်စက်ရုံသို့ရောက်ရှိရာ ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း ခေတ္တဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်ငြိမ်းနှင့် တာဝန်ရှိသူများ၊ စက်ရုံမှူးဦးလှိုင်ဝင်းခေါင်နှင့် ဝန်ထမ်းများက ကြိုဆိုကြသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား စက်ရုံညှိ့ခန်းမ၌ စက်ရုံမှူး ဦးလှိုင်ဝင်းခေါင်က စက်ရုံ၏ သမိုင်း၊ ဝန်ထမ်းဦးရေ၊ တိုရှီဘာ(၄) ယူနစ်ပတ်လည်စက်နှစ်လုံး၊ Sonal Sheetfed စက်နှစ်လုံးတို့ဖြင့် စာပေဗိမာန်ထုတ်စာစောင်များ၊ တပ်မတော်စာစဉ်များ၊ ဒို့ကျေးရွာဂျာနယ်များ အပါအဝင် စာစောင်၊ စာစဉ်၊ ဂျာနယ်များ ပုံနှိပ်ရိုက်နှိပ်မှု၊ စက်စွမ်းအားတစ်နာရီလျှင် စာမျက်နှာ ၈၀ ဗလာစာအုပ် ၃၆၀၀ ရိုက်နှိပ်နိုင်သည့် ယူရိမက်တစ်စက်သုံးလုံးဖြင့် ဗလာစာအုပ်တန် ၁၀၀ပုံနှိပ်ဆောင်ရွက်နေမှု၊ ပြင်ပမှ လုပ်ငန်းများ လက်ခံပုံနှိပ်ရိုက်နှိပ်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ခေတ္တ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးအောင်ငြိမ်းနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ကွင်းဆင်းဆောင်ရွက်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ကျောင်းသုံးဗလာစာအုပ်များ သတ်မှတ်အရေအတွက် အပြည့်အဝ တစ်လအတွင်း ရိုက်နှိပ် ပြီးစီးအောင် သက်ဆိုင်ရာတာဝန်ရှိသူများအား ခေါ်ယူ ညှိနှိုင်းဆောင်ရွက်ရေး၊ ပြင်ပမှ အပ်နှံသည့်လုပ်ငန်းများကို စံချိန်စံညွှန်းမီကောင်းမွန်အောင် ဆောင်ရွက်ပြီး နိုင်ငံတော်အတွက် ဝင်ငွေတိုးတက်အောင် ဆောင်ရွက်ရေး၊ စက်စွမ်းအားပြည့်လည်ပတ် ထုတ်လုပ်နိုင်ရေးအတွက် စက်များကြံ့ခိုင်မှု ကောင်းမွန်အောင် ဂရုပြုဆောင်ရွက်ရေး၊စက်ရုံ၏ လုံခြုံရေးနှင့် မီးဘေးကြိုတင်ကာကွယ်တားဆီးရေးတို့အတွက် စီမံချက်ရေးဆွဲ၍ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရေး၊ တာဝန်ရှိသူများ ကိုယ်တိုင်အောက်ခြေအထိ ကွင်းဆင်း ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းတို့နှင့် တာဝန်ရှိသူများသည် စက်ရုံအတွင်းရှိ ယူရိမက်တစ်စက်များဖြင့် ကျောင်းသုံးဗလာစာအုပ်ပုံနှိပ်ရိုက်နှိပ်မှုများကိုလည်းကောင်း၊ တိုရှီဘာ(၄)ယူနစ် ပတ်လည်စက်၏ စက်စွမ်းအားပြည့် ပုံနှိပ်ရိုက်နှိပ်မှုကိုလည်းကောင်း၊ စက်ပိုင်းဆိုင်ရာကြံ့ခိုင်မှုရှိရေးအတွက်ဆောင်ရွက်နေမှုများကိုလည်းကောင်း စက်ရုံအတွင်းလှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်အဖွဲ့ဝင်များသည် ညနေ၆နာရီတွင် အင်းစိန်မြို့နယ် အောင်ဆန်းမြို့ရှိ ဂျီတီစီပုံနှိပ်စက်ရုံသို့ ရောက်ရှိပြီး ဂျာမနီနိုင်ငံလုပ် (၂)ယူနစ်ပတ်လည်အော့ဖ်စက်၏ လျှပ်စစ်ပိုင်းဆိုင်ရာပြုပြင်ဆောင်ရွက်နေမှုများနှင့် စက်ရုံအတွင်းရှိ ပုံနှိပ်စက်များကိုလှည့်လည်ကြည့်ရှုစစ်ဆေးရာ စက်ရုံမှူးဦးကျော်ကျော်နှင့် တာဝန်ရှိသူများကလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဆန်းက လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ ညပိုင်းတွင် ဂျီတီစီပုံနှိပ်စက်ရုံမှ ပြန်လည် ထွက်ခွာသွားကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ ထစ်ချုန်းမည့်အခြေအနေဖြစ်ပေါ်

ရန်ကုန် မေ ၂၅

လွန်ခဲ့သော ၂၄နာရီအတွင်းက မွန်ပြည်နယ်တွင် နေရာအနှံ့အပြား၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ဒေသများ၌ တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဖျာပုံမြို့တွင် ၁ဒသမ၃၄လက်မ၊ ကျောက်တော်မြို့၌ ၁ဒသမ၃၀လက်မ၊ မြောင်းမြမြို့တွင် ဝဒသမ၉၁လက်မနှင့် စစ်တွေမြို့၌ ဝဒသမ၈၃လက်မတို့ဖြစ်ကြသည်။ နေ့အပူချိန်များမှာ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် ဖြစ်မြဲထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ၊ ကရင်ပြည်နယ်နှင့် မကွေးတိုင်းတို့၌ ဖြစ်မြဲထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်အထိ၊ ဧရာဝတီတိုင်းတွင် ဖြစ်မြဲထက် ၁၀ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတို့၌ ဖြစ်မြဲအောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်အထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် ဖြစ်မြဲခန့်သာရှိခဲ့သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့၌ မုတ်သုံလေ အားနည်းနေသည်။ ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မေ၂၆ရက် ညနေအထိခန့်မှန်းချက်အရ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အထက်ပိုင်းနှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး ကျန်ဒေသများ၌ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရွာရန်ရာနှုန်း ၆၀ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအနည်းငယ်သာရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အောက်ပိုင်းဒေသများ၌ ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်မည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ဥကပ်နေသော ရေချိုပုစွန်တုပ်ကြီးများမဖမ်းရန် ပညာပေးနှိုးဆော်ချက်(၂/၉၇)

တန်ခူး၊ ကဆုန်၊ နယုန်လများတွင် ဥကပ်နေသော (သို့) ဥနှင့် ပြည့်ဝနေသော ရေချိုပုစွန်တုပ်ကြီးများသည် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ မြစ်ချောင်း အင်းအိုင်များတွင် ဥချရန် ပြင်ဆင်လျက်ရှိပါသည်။ ၎င်းတို့မှ မကြာမီ ထောင်ပေါင်းများစွာသော ပုစွန်များလည်း ပေါက်ဖွားလာတော့မည်ဖြစ်ပါသည်။

အကယ်၍ အဆိုပါ ဥကပ်နေသော (သို့) ဥနှင့် ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးသတ်ဖြတ်ခဲ့ပါက ၎င်းတို့မှ ပုစွန်သားလောင်းများ မပေါက်ဖွားနိုင်တော့ဘဲ မျိုးပြုန်းတီးရာလည်း ရောက်စေပါသည်။ ရေချိုပုစွန်များ ပေါများကြွယ်ဝလာစေရန် ယခုကဲ့သို့ ဥကပ်နေသောရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲဘေးမဲ့ပေးမှသာ ထုတ်လုပ်မှုအားမြင့်မားလာပြီး အမျိုးသားစီးပွားရေး ဖွံ့ဖြိုးလာမည် ဖြစ်ပါသည်။

ဥကပ်နေသော (သို့) ဥနှင့် ပြည့်ဝနေသော ပုစွန်တုပ်ကြီးများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အရောင်းအဝယ်ပြုလုပ်ခြင်းများ မပြုလုပ်ရန် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ အမိန့်ကြော်ငြာစာအမှတ်(၁/၉၂)ဖြင့် တားမြစ်ထားပါသည်။ အဆိုပါ တားမြစ်ချက်ကို လိုက်နာခြင်းမရှိပါက ရေချိုငါးလုပ်ငန်း ဥပဒေပုဒ်မ ၄၂၊ ၄၄၊ ၄၅ ပါ ပြဋ္ဌာန်းချက်များအရ တရားစွဲဆို အရေးယူခြင်းခံရမည် ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ရေချိုပုစွန်တုပ်များ ရေရှည်တည်တံ့နေစေရန် ယခုကဲ့သို့သော ဥကပ်ရာသီချိန်တွင် ဖမ်းဆီးခြင်းမပြုဘဲ နေရာတိုင်းတွင် ဘေးမဲ့ပေးကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန။

ပါကစ္စတန်လေ့လာရေးအဖွဲ့ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၂၅

ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ Pakistan Administrative staff College (PASC)မှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား)Mr. Javed Hassan ခေါင်းဆောင်သည့် လေ့လာရေးအဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာသွားရာဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်ဦးလှကြည်၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတ နိုင်ငံ သံအမတ်ကြီး H.E. Mr. Muhammad Nawaz Chaudhryနှင့် တာဝန်ရှိပုဂ္ဂိုလ်များက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးအား သွားရောက် ကြည့်ရှုလေ့လာကြရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ရုံးမှ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

လက်မှတ်ရေးထိုး

ထို့နောက် PASCမှ ကျောင်းအုပ်ကြီး ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား)Mr. Javed Hassan ခေါင်းဆောင်သည့် လေ့လာရေးအဖွဲ့ဝင်များသည် စေတီတော် ဧည့်သည်တော်မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ၂၀ရက်က ကျောက်တံတား မြို့နယ် အမှတ်(၁) ရပ်ကွက် ခမ္မာရုံတွင် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲကျင်းပရာ ခရိုင်ပြန်/ဆက်ဦးစီးမှူး ဦးတင်ကို၊ ရပ်ကွက် ဥက္ကဋ္ဌ ဒေါက်တာ ဦးအေးကျော်နှင့်အဖွဲ့များက ကြည့်ရှုလေ့လာကြစဉ်။
(ခရိုင်ပြန်/ဆက်)

သုံးခွမြို့နယ် ကျေးရွာစာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်း

ရန်ကုန် မေ ၂၅

ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်များလှူဒါန်းပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုလွှာပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက် ၁၀နာရီတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်အေးနှင့် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးညွန့်ဆွေတို့က အမှာစကားပြောကြားကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်တောင်ပိုင်းခရိုင် ဦးစီးအရာရှိ ဦးတင်မောင်အေးက စာပေအကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးသည်။ ထို့နောက် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဒေါက်တာမြင့်သိန်းက အလှူရှင်များကိုယ်စား ကျေးဇူးတင်စကားပြောကြားသည်။

ဆက်လက်၍ အလှူရှင် ဦးမြင့်ဦး (ညွှန်ကြားရေးမှူး-ရုပ်မြင်)(MRTV)က စာအုပ်မျိုးစုံ ၂၉၉ အုပ်၊ ဦးလှိုင်ဝင်း(စာတည်းမှူး-မြန်မာ့အလင်း)က စာအုပ်မျိုးစုံ ၂၀၀၊ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက စာအုပ်မျိုးစုံ ၁၂၀၊ အမှတ်(၃)ရပ်ကွက်မှ ဦးတင်ဝင်းက စာအုပ်မျိုးစုံ ၄၁၆ အုပ်၊ ဦးဝင်းဇော်ထွန်း (ဦးစီးအရာရှိ-မြေစာရင်းဦးစီးဌာန)က စာအုပ်မျိုးစုံ ၉၅ အုပ်၊ အမှတ်(၁)ရပ်ကွက်မှ ဒေါ်ရီရီတင်က စာအုပ်မျိုးစုံ အုပ် ၁၀၀၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးဆိုက်ကျင်က စာအုပ်မျိုးစုံ ၆၀၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာအုပ်မျိုးစုံ ၃၂၅ အုပ် စုစုပေါင်းစာအုပ်မျိုးစုံ ၁၆၁၅ အုပ်ကို ကျေးရွာ ၃၀ သို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ကျေးရွာများကိုယ်စား ရေပေါ်ကံကျေးရွာမှ ဦးသန်းငြိမ်းထံသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဦးခင်မောင်အေးက စာအုပ်များကို ပေးအပ်လှူဒါန်းပြီး ခရိုင်ဦးစီးအရာရှိ ဦးတင်မောင်အေးက အလှူရှင်များအား ဂုဏ်ပြုလွှာအသီးသီး ပေးအပ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဦးအောင်သောင်း အခြေခံစည်းရုံးရေးသင်တန်းဆင်းပွဲတွင် အမှာစကားပြောကြား

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ်(၉/၁၀) သင်တန်းဆင်းပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပန်းဘဲတန်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဧကရီခန်းမ၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအတွင်းရေးမှူး အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်း တက်ရောက်အမှာစကားပြောကြားသည်။

တက်ရောက်

ယင်းအခမ်းအနားသို့ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမင်းသိမ်း၊ ရန်ကုန်အနောက်ပိုင်းခရိုင်နှင့် ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ရပ်ကွက် ၁၁ ရပ်ကွက်မှ စည်းရုံးရေးမှူးများနှင့် အမှုဆောင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက သင်တန်းဆင်းအမှာစကားကို အကျယ်တဝင့်ပြောကြားသည်။

ဂုဏ်ပြုဆုချီးမြှင့်

ထို့နောက် ဗဟိုအတွင်းရေးမှူး ဦးအောင်သောင်းက သင်တန်းထူးချွန်ဆုရရှိကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ သင်တန်းဆင်းလက်မှတ်များကို ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးအောင်နိုင်က ပေးအပ်သည်။

ယင်းနောက် ပန်းဘဲတန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ အထက(၁) ပန်းဘဲတန်းကျောင်းအတွက် အလှူငွေများကို တွဲဖက်အတွင်းရေးမှူး ဦးမြင့်ခိုင်က ကျောင်းအုပ်ဆရာမကြီး ဒေါ်တင့်တင့်လှိုင်အား ပေးအပ်ပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပခုက္ကူဦးအုံးဖေ စာပေဆုရ စာအုပ်များဖြန့်ချိ

ရန်ကုန် မေ ၂၅

ပခုက္ကူဦးအုံးဖေစာပေဆုရ စာအုပ်များကို ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က ပုံနှိပ်ထုတ်ဝေလျက်ရှိရာ ၂၀၀၁ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု ဝတ္ထုတိုပေါင်းချုပ်ဆုရ ပုသိမ်ရန်နောင်စိုး၏ "မိုးမခပင်အောက်က မိုးသောက်ယံနှင့် ကိုတံငါဝတ္ထုတိုများ"စာအုပ်နှင့် ၂၀၀၂ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု သုတေသနစာပေဆုရ အောင်ငြိမ်းချမ်း(မန်းတက္ကသိုလ်)၏"မက္ခရာသို့ သုတေသနခရီးမှတ်တမ်း"စာအုပ်များကို ယနေ့ဖြန့်ချိရောင်းချနေပြီဖြစ်သည်။

ဝယ်ယူရရှိနိုင်

အဆိုပါစာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်၊မန္တလေးမြို့ ရတနာပုံ ဈေးသစ် (ဒုတိယထပ်)ရှိ စာပေဗိမာန်စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ ကဆုန်ညောင်ရေသွန်းပွဲကျင်းပ

ရန်ကုန် မေ ၂၅

ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာတွင် ညောင်ရေသွန်းပွဲတော် မင်္ဂလာအခမ်းအနားကို ကဆုန်လပြည့်(တနင်္ဂနွေနေ့) နံနက် ၉ နာရီက မဟာစည်မွှာရုံ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

မင်္ဂလာအခမ်းအနားကို ဥက္ကဋ္ဌဦးကျော်ထွန်းက နမောတဿသုံးကြိမ် ရွတ်ဆိုကာ ဖွင့်လှစ်ပြီး ဩဝါဒါစရိယဆရာတော် ဘဒ္ဒန္တကဝိဓဇ(အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)အရှင်မြတ်က ညောင်ရေသွန်းတရားတော်ကို အကျယ်တဝင့် ဟောကြားတော်မူသည်။ ထို့နောက် ဆွမ်းအလှူရှင် ဦးထွန်းရင်ဦး-ဒေါ်စိန်ခိုင် မိသားစုစသော အလှူရှင်အမည်များကို ဒေါက်တာတင်ခိုင်မြင့်က ဖတ်ကြားကြေညာပြီး ဂုဏ်ပြုလွှာချီးမြှင့်သည်။

ညောင်ရေသွန်းလောင်း

ဆက်လက်၍ ဆရာတော်အမှူးပြုသော သံဃာတော်များ၊ ယောဂီ ဉည့်ပရိသတ်များက ယဿမုလေ နိသိန္နော ယော အစချီသော ညောင်ရေသွန်းဂါထာတော်များ၊ ဗောဓိရက္ခဂီတိ ရှစ်လုံးဘွဲ့ကဗျာများ ရွတ်ဆို၍ ကျောင်းပရဝဏ်အတွင်းရှိ ဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းကြသည်။

(အပေါ်ဝဲပုံ) (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၆-၅-၂၀၀၅ (ကြာသပတေးနေ့)

၇း၀၀	MRTV-4 ၏အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	တေးဂီတအစီအစဉ်
၇း၁၀	မြန်မာနိုင်ငံပိုက်ကျော်ခြင်းပြိုင်ပွဲ
၇း၄၀	ပြည်တွင်းသတင်းအကျဉ်း
၇း၄၅	လယ်ယာ(၁၆)လက်တွန်း ထွန်စက်မောင်းနှင်ခြင်းနှင့် တွဲဖက်ကိရိယာတပ်ဆင်ခြင်း
၇း၅၀	တေးဂီတအစီအစဉ်
၇း၅၅	ပုဂံယဉ်ကျေးမှုနယ်မြေမှ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ
၈း၀၅	နိုင်ငံတကာသတင်းအကျဉ်း
၈း၁၀	တေးဂီတအစီအစဉ်
၈း၁၅	မြန်မာ့ရုပ်ရှင် ထူးချွန်ဆုအကြောင်း သိကောင်းစရာ
၉း၀၅	တေးဂီတအစီအစဉ်
၉း၁၀	KND 5B ဒီဇယ်အင်ဂျင်
၉း၂၀	လက်ဆင့်ကမ်းဝေဂီတအမွေ
၉း၄၀	ပြည်တွင်းသတင်းအကျဉ်း
၉း၄၅	အကွက်ဖော် အထပ်သားနှင့် သစ်ပါးလွှာပန်းချီ ထုတ်လုပ်မှုလုပ်ငန်း
၉း၅၅	မိုးလေဝသခန့်မှန်းချက်
၁၀း၀၀	UEFA Stories Best Games
၁၀း၃၅	တေးဂီတအစီအစဉ်
၁၀း၄၀	မြန်မာ့ခြင်းလုံး
၁၀း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၅၀	ကိုယ်ဝန်ဆောင်မိခင်များနှင့် HIV/AIDS ရောဂါ
၁၁း၀၀	MRTV-4 ၏အပိတ် Logo

အထက်ပါ လေးနာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ လေးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

အမှာစကားပြောကြား

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောလွင် အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

နိုင်ငံတော်၏စက်မှုကဏ္ဍတိုးမြှင့်ရာတွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန အဓိကပါဝင် လျာထားချက်ပြည့်မီရေး ထုတ်လုပ်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် မေ ၂၅

အမှတ်(၂)စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီက အမှတ် ၅၆ ကမ္ဘာအေးစေတီလမ်းရှိ အမှတ်(၂)စက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ အမှတ်(၂)စက်မှုဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စောလွင်၊ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်၊ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ စက်ရုံအထွေထွေမန်နေဂျာများ တက်ရောက်ကြသည်။

ဆွေးနွေးမှာကြား

ရှေးဦးစွာ ဝန်ကြီးဗိုလ်ချုပ်စောလွင်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်မှ စက်မှုကဏ္ဍအား တိုးမြှင့်လာခဲ့ရာ အမှတ်(၂)စက်မှုဝန်ကြီးဌာနသည် အဓိကအပိုင်းမှပါဝင်လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် လျာထားချက်များ ပြည့်မီရေးအတွက် ထုတ်လုပ်မှု လုပ်ငန်းများ၊ ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းသစ်များကို အရှိန်အဟုန်မြှင့် ဆောင်ရွက်ရန်နှင့် ထိုသို့ ဆောင်ရွက်ရာတွင် အလေအလွင့် နည်းပါးပြီး ခြိုးခြံချွေတာကြရန် အထူး မှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြီးခဲ့သည့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်နိုင်ခဲ့သည့် အခြေအနေများ၊ အားသာချက်များ၊ အားနည်းချက်များကို ဦးစီးဌာန၊ လုပ်ငန်းတစ်ခုချင်းအလိုက် သုံးသပ်ပြီး ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်တွင် ထုတ်လုပ်မှု၊ ရောင်းချမှု လျာထားချက်များ ပြည့်မီကျော်လွန်ရေး ကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က စက်ရုံများ၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် ထုတ်လုပ်မှုလျာထားချက်များ ပြည့်မီရေးအတွက် ဆောင်ရွက်ရန်များကိုတင်ပြသည်။ ထို့နောက် မြန်မာ့စက်မှုလုပ်ငန်းများ စီမံကိန်းညွှန်ကြားမှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်က ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ် ကုန်ထုတ်လုပ်မှုလျာထားချက်များ ပြည့်မီရေးလိုအပ်ချက်များကို သုံးသပ်တင်ပြပြီး ဦးဆောင်ညွှန်ကြားရေးမှူးများက ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း ကုန်ထုတ်လုပ်မှုလျာထားချက် ပြည့်မီရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို အသီးသီး ရှင်းလင်းတင်ပြကြသည်။

လက်ခံရယူ

ထို့နောက် ၂၀၀၅-၂၀၀၆ ပညာသင်နှစ်တွင် အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းကျောင်းများတွင် ပညာသင်ကြားနေသော အမှတ်(၂)စက်မှုဝန်ကြီးဌာနအောက်ရှိ ဌာန၊ လုပ်ငန်း၊ စက်ရုံများမှ ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ငွေများကို ဝန်ကြီးဗိုလ်ချုပ်စောလွင်နှင့်ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်တို့က ပေးအပ်ချီးမြှင့်ရာ သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများနှင့် စက်ရုံအထွေထွေမန်နေဂျာများက လက်ခံရယူကြသည်။

ထို့နောက် ဝန်ကြီးဗိုလ်ချုပ်စောလွင်က နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စာပေဗိမာန်ပြည်သူ့လက်စွဲ စာအုပ်များ ထုတ်ဝေဖြန့်ချိ

ရန်ကုန် မေ ၂၅

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က စာပေဗိမာန်စာမူဆုရ စာအုပ်လေးမျိုးကို ယနေ့ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါစာအုပ်များမှာ ၂၀၀၁ခုနှစ် စာပေဗိမာန်စာမူဆုရ စာအုပ်များဖြစ်သည့် စာပဒေသာဆုရ သုတေသီရာမညကိုကိုနိုင်၏ စစ်ပါရဂူနှင့်ကဗျာဝိဒူစာအုပ်၊ သုတပဒေသာသိပ္ပံနှင့် အသုံးချပညာရပ်ဆုရ ခင်ပြုံးရီ(မြန်မာ့အသံ)၏ ရေဒီယိုအသံလှိုင်းများ၏ အရင်းအမြစ်စာအုပ်၊ သုတပဒေသာ(ဝိဇ္ဇာ)ဆုရ ရွှေဘိုဘာမထီခင်အောင်၏ ကမ္ဘာ့လက်ဖွဲ့လောကမှ သုတအဖြာဖြာစာအုပ်နှင့် ၂၀၀၂ခုနှစ် စာပေဗိမာန်စာမူဆု ဝတ္ထုရှည်ဆုရ နန်းမိုးစောအောင်၏ နှလုံးလှဂုဏ်ရည်စာအုပ်တို့ ဖြစ်သည်။

အဆိုပါ စာအုပ်များကို ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ မန္တလေးမြို့ရတနာပုံ ဈေးသစ် (ဒုတိယထပ်)ရှိ စာပေဗိမာန် စာအုပ်ဆိုင်နှင့် ရန်ကုန်နှင့် နယ်စာပေဗိမာန် ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ (၂၀၀၅) မြေစိုက်ပိုစတာစိုက်ထူပွဲ စစ်တွေမြို့၌ကျင်းပ

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်းအဖွဲ့ ညီလာခံ(၂၀၀၅) မြေစိုက်ပိုစတာစိုက်ထူပွဲအခမ်းအနားကို မေ ၂၂ ရက် နံနက် ၈ နာရီက ရခိုင်ပြည်နယ် စစ်တွေမြို့ ဦးဥတ္တမပန်းခြံရှေ့၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရခိုင်ပြည်နယ် စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ရခိုင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးခင်မောင်သန်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်နယ်၊ခရိုင်စစ်မှုထမ်းဟောင်းကြီးကြပ်ရေးအဖွဲ့ဝင်များ၊ စစ်တွေမြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဝန်ထမ်းများ စုစုပေါင်းအင်အား ၁၁၀၀ တက်ရောက်ကြသည်။

ထို့နောက် မင်္ဂလာအချိန်တွင် ရခိုင်ရိုးရာမင်္ဂလာစည်တော်ရွှမ်း၍ ရခိုင်ပြည်နယ်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ခင်မောင်သန်းက မြေစိုက်ပိုစတာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ ဆေးလိပ်မသောက်ရေးနေ့

(၃၁-၅-၂၀၀၅)

World No-Tobacco Day

(31-5-2005)

ဆေးလိပ်ဆေးရွက်ကြီး ဆန့်ကျင်ရေး၊

ကျန်းမာရေးပညာရှင်များ

ဦးဆောင်ပေး

Health Professionals against Tobacco

ကျန်းမာရေးဝန်ကြီးဌာန။

မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲကျင်းပမည့် ရက်နှင့်အချိန်ပြောင်းလဲသတ်မှတ်

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့ လသာမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း မြညီလာခန်းမ၌ မေ ၂၆ ရက် နံနက် ၉နာရီမှ မွန်းတည့်၁၂နာရီအထိကျင်းပမည့် ၂၀၀၅ခုနှစ် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် တိုင်းအဆင့် ပိုစတာပြိုင်ပွဲကို မေ ၂၇ရက် မွန်းလွဲ ၁ နာရီမှ ညနေ ၄ နာရီသို့ ပြောင်းလဲကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လူမဆန်စွာ ယုတ်မာရက်စက်သော အဖျက်သမားများကို ပြည်သူ့စွမ်းအားဖြင့် အပြီးအပိုင်ချေမှုန်း

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနာယက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာရေးရာနှင့် အပြည်ပြည်ဆိုင်ရာလေ့လာမှု သင်တန်းအမှတ်စဉ်(၇) သင်တန်းဖွင့်ပွဲအခမ်းအနားမှာ ပြောကြားတဲ့ သြဝါဒစကားမှာ အခုလို ထည့်သွင်းမြွက်ကြားသွားခဲ့ပါတယ်။

“နက်ရှိုင်းမြင့်မြတ်သည့် နိုင်ငံရေးခံယူချက် ရှိသူများကသာ နိုင်ငံတော်ကို အမှန်အကန် တိုးတက်အောင် ဖန်တီးနိုင်မည် ဖြစ်ကြောင်း၊ ကိုလိုနီသြဇာခံ အမြင်ကျဉ်းမြောင်းသည့် ပဒေသရာဇ် ဉာဉ်မျိုးဖြင့် နိုင်ငံသမိုင်း၏ ဖြစ်ပေါ်တိုးတက်မှုကို ဖန်တီးနိုင်မည်မဟုတ်ဘူးဟု အခိုင်အမာပြောလိုကြောင်း၊ အမြင်ကျဉ်း ဝါဒီတချို့၏ တူရူချက်နှင့် မျှော်မှန်းချက်မှာ ယနေ့နိုင်ငံတော်ကြီးကို တည်ဆောက်နေသည့် ပြည်သူတို့၏ အကျိုးစီးပွားနှင့် လုံးဝဆန့်ကျင်ဘက်ဖြစ်နေကြောင်း၊ မြန်မာနိုင်ငံ ပြည်သူလူထုသည် ကိုလိုနီသြဇာခံ နယ်ချဲ့လက်ပါးစေများကို မည်သည့်အခါကမျှ ယုံကြည်မှုမရှိဘူးဆိုတာ မိမိတို့နိုင်ငံ၏ သမိုင်းမှာ အထင်အရှားတွေ့ရှိခဲ့ရပြီးဖြစ်ကြောင်း။”

“အမြင်ကျဉ်းမြောင်းသည့် ဂိုဏ်းဂဏသမား တချို့က နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဖျက်ဆီးခွင့်မရအောင် ကာကွယ်ကြရမည်ဖြစ်ကြောင်း၊ အမြင်ကျဉ်းမြောင်းသည့် ဂိုဏ်းဂဏသမားတချို့၏အန္တရာယ်မှန်သမျှကို မိမိ၏အသက်ဟူသော အကြောင်းကြောင့်ပင် နောက်မတွန့်ဘဲ တွန်းလှန်ဖယ်ရှားပြီး မိမိတို့၏ ပန်းတိုင်ကို မျက်ခြည်မပြတ်ဘဲ အရောက်တက်လှမ်းသွားရန် ဖြစ်ကြောင်း”

ဖြင့် မြွက်ကြားသွားခဲ့တာ ဖြစ်ပါတယ်။

ဒီသြဝါဒစကားဟာ တစ်မျိုးသားလုံး ထာဝစဉ်ခံယူကျင့်သုံးသွားရမယ့် အမျိုးသားရေးခံယူချက်၊အမျိုးသားရေး အစဉ်အလာနဲ့ အမျိုးသားရေးသတိပင် ဖြစ်ပါတယ်။

၈-၅-၂၀၀၅ရက်နေ့ နံနက်က တွံတေးမြို့နယ် စမ်းရွာမှ ကိုမြသောင်း၊ ကိုအုံးကြိုင်၊ နှုတ်ခမ်းမွေး သန်းအေးနဲ့ ဘုရားကြီးရွာက အညာသား သိန်းအောင်တို့ သတင်းစာတစ်စောင်ကိုင်ပြီး စာရေးသူအိမ်ကို ရောက်လာပါတယ်။ သူတို့ဟာ အဲဒီလို ခရီးကြုံတိုင်း လာလည်လေ့ရှိပါတယ်။ ရောက်ရောက်ချင်း မဆိုင်းမတွဘဲ တစ်ဦးက သတင်းစာမှာပါသော ဗုံးပေါက်ကွဲမှုသတင်းကို ဖတ်ပြပါတယ်-

> **ထိုင်းနိုင်ငံဟာ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းကောင်းလဲ ဖြစ်တယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံချင်းလဲဖြစ်တယ်။ နှစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး ခိုင်မြဲတိုးတက်နေသလို နိုင်ငံတကာ ဆက်ဆံရေးမှာ အမြင်ချင်းတူညီတဲ့နိုင်ငံလဲ ဖြစ်တယ်။**

စာရေးသူက ဒီလုပ်ရပ်ဟာ ဘယ်သူတွေလက်ချက်ဆိုတာကိုလဲ ဆက်ဖော်ပြထားတယ်မဟုတ်လားလို့ မေးလိုက်ပါတယ်။

သူတို့ထဲမှတစ်ဦး။ ။ဖော်ပြထားပါတယ်၊ ကျွန်တော်သိသလောက်ပြောရမယ်ဆိုရင် တစ်ချိန်တုန်းက အမြင်ကျဉ်းမြောင်းတဲ့ လူမျိုးစွဲ၊ ဂိုဏ်းဂဏစွဲ ပြည်တွင်းသောင်းကျန်းသူအချို့ဟာ လစ်ရင်လစ်သလို မိုင်းထောင်၊ ဗုံးခွဲ၊ လူသတ်၊ မီးရှို့၊ လုယက်တာတွေကို လုပ်ခဲ့ကြတယ်။ ဒါပေမယ့် အခုလိုမြို့ပေါ်လူစည်ကားတဲ့နေရာတွေမှာ မလုပ်နိုင်ခဲ့ကြဘူး။ အခုလို မြို့ပေါ်လူစည်ကားတဲ့နေရာနဲ့ မြို့ပေါ်တွေမှာ ဗုံးခွဲမှုဟာ ပြည်ပြေးတွေပေါ်လာပြီးမှ ပေါ်လာတဲ့လုပ်ရပ်တွေပဲ ဖြစ်တယ်။ အထူးသဖြင့် ပြည်ပြေးတွေနဲ့ ပြည်တွင်းသောင်းကျန်းသူတွေ ပူးပေါင်းလှုပ်ရှားတဲ့အခါမျိုးမှာ ဖြစ်ပွားလာခဲ့တယ်။ တစ်ချိန်တုန်းက ၁၉၇၀ ဝန်းကျင်မှာ ပြည်ပရောက်ပြည်ပြေးတွေ အမျိုးမျိုးအမည်ခံပြီး လှုပ်ရှားခဲ့တုန်းက အခုလို မြို့ပေါ်ဗုံးခွဲမှုအချို့ဖြစ်ပွားခဲ့တယ်။ အခုလဲ ပြည်ပရောက်ပြည်ပြေးတွေ အမျိုးမျိုးအမည်ခံပြီး လှုပ်ရှားလာတဲ့အချိန်မှာ အပြစ်မဲ့ပြည်သူတွေကို ဗုံးခွဲသတ်ဖြတ်မှုတွေ ပြန်ပေါ်လာတာပဲဖြစ်တယ်။ အဲ့ဒီအကြမ်းဖက်သမားတွေဟာ ပြည်သူကို တိုက်ခိုက်သတ်ဖြတ်တဲ့ ပြည်သူ့ရန်သူပဲ။ ၂၀၀၅ခုနှစ်အတွင်းကို ကြည့်မယ်ဆိုရင် ဧပြီလ ၂၁ရက်နေ့က ထားဝယ်မှ ရန်ကုန်လာတဲ့ ခရီးသည်တင်ယာဉ်နှစ်စီးနဲ့ ခရီးသည်တင်မှန်လုံယာဉ် ၁၂စီးကို ထားဝယ်-ရေးလမ်းပိုင်း မိုင်တိုင်အမှတ် ၃၃/၂ အရောက်မှာ KNU အကြမ်းဖက်အဖျက်သမားတစ်ဖွဲ့က လုယက်ပစ်ခတ်လို့ ရဲတပ်ဖွဲ့ဝင် နှစ်ဦး၊ ထားဝယ်တက္ကသိုလ်က ဆရာမတစ်ဦး၊ ကျောင်းသူတစ်ဦး၊ ခရီးသည်သုံးဦးနဲ့ ယာဉ်နောက်လိုက်တစ်ဦး သေဆုံးခဲ့ရတယ်။ အလားတူပဲ KNPP အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ဧပြီလ ၂၂ ရက်နေ့မှာ လွိုင်ကော်မြို့ လောပိတလျှပ်စစ်ဓာတ်အားပေးစက်ရုံမှ တောင်ငူဘက်ကို သွယ်တန်းထားတဲ့ မဟာဓာတ်အားလိုင်း တာဝါတိုင် အမှတ် ၁၀၃ ကို မိုင်းထောင်ဖောက်ခွဲခဲ့တယ်။ဓာတ်အားလိုင်းပျက်စီးပြီး ဓာတ်အားပို့လွှတ်မှု ပြတ်တောက်သွားခဲ့ရတယ်။ ဧပြီလ ၂၆ရက်နေ့ကလဲ မန္တလေးဈေးချိုမြေညီထပ် စီရုံနဲ့ ဒီရုံအကြားမှာ အကြမ်းဖက်အဖျက်သမားတွေ ဗုံးထောင်ဖောက်ခွဲခဲ့လို့ အပြစ်မဲ့ ပြည်သူသုံးဦးသေဆုံးပြီး ၁၅ဦးဒဏ်ရာရခဲ့ပြန်တယ်။

အောင်မိုးခံ

နောက်တစ်ဦး။ ။အခုလို ကျွန်တော်တို့နိုင်ငံမှာ တည်ငြိမ်အေးချမ်းပြီး ဈေးကွက်စီးပွားရေးစနစ် တိုးတက်လာပေမယ့် ပြည်ပက စီးပွားရေးပိတ်ဆို့ပြီး ပြည်သူတွေ ဒုက္ခရောက်အောင် လုပ်နေတာဟာ ပြည်ပြေးတွေနဲ့ ပြည်တွင်းက အပေါင်းပါ အဖျက်သမားအချို့ရဲ့ သခင်အားရ ကျွန်ပါးဝလုပ်ရပ်ကြောင့် ဖြစ်လာခဲ့တာတွေပဲ။ ဒါတင်မကဘူး၊ ပြည်ပက လူသားချင်းစာနာတဲ့ အကူအညီတွေ ဖြတ်တောက်အောင်၊ ပြည်တွင်းက အဝတ်အထည်တင်ပို့မှု အပိတ်ခံရအောင်၊ မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသည်တွေ မလာအောင်၊ ပြည်ပကရင်းနှီးမြှုပ်နှံမှုတွေ မလာအောင်၊ မြန်မာနိုင်ငံကို အထီးကျန် ဖြစ်အောင် ဒီပြည်တွင်းပြည်ပအဖျက်သမားတွေပဲ အကောက်ကြံခလောက်ဆန်နေကြတာ မဟုတ်လား။ ဒီကနေ့နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ် (၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော်ကို တစ်မျိုးသားလုံး သင့်မြတ်စည်းလုံးစွာ အကောင်အထည်ဖော်နေတဲ့ အမျိုးသား ညီလာခံကြီး ပျက်စီးရာပျက်စီးကြောင်းကိုလဲ သူတို့ပဲလုပ်နေကြတယ်။ မူဝါဒလမ်းစဉ် (၇)ရပ် အကောင်အထည် မပေါ်အောင်လဲ အမျိုးမျိုးနှောင့်ယှက်နေတယ်။ အဲဒီလို မြန်မာနိုင်ငံရဲ့ အမျိုးသားရေးအကျိုးစီးပွားတွေကို ကမ်းကုန်အောင် ဖျက်လိုဖျက်ဆီး လုပ်နေပေမယ့် မအောင်မြင်တဲ့အတွက် ဒီအကြမ်းဖက် အဖျက်သမားတွေဟာ အခုလို အပြစ်မဲ့ပြည်သူတွေကို ချိန်ကိုက်ဗုံးထောင်ပြီး သတ်ဖြတ်လာတာပဲဖြစ်တယ်။ ပြည်သူတွေ စိုးရိမ်ထိတ်လန့်အောင် လုပ်လာတယ်။ အလွန် သူရဲဘောကြောင်ပြီး ယုတ်မာ ကောက်ကျစ်တဲ့ လုပ်ရပ်တွေပဲ။ လူနဲ့တိရစ္ဆာန်ခြားနားတာဟာ အသိတရားနဲ့ ဆိုင်တယ်။ လူမဆန်တဲ့ လူဟာ တိရစ္ဆာန်နဲ့ လုံးဝမခြားနားဘူး။ လူမှန်ရင် လူစိတ်ရှိဖို့ လိုတယ်လို့ ရဟန်းပညာရှိ၊ လူပညာရှိတွေက အမြဲသွန်သင်ဆုံးမထားပါတယ်။

နောက်တစ်ဦး။ ။မြန်မာနိုင်ငံဟာ အိမ်နီးချင်းနိုင်ငံတွေနဲ့ အိမ်နီးချင်းကောင်းပီသစွာ အစဉ်တစိုက် ဆက်ဆံလာခဲ့တယ်။ ထာဝစဉ်လဲ ဆက်ဆံသွားမှာဖြစ်တယ်။ အထူးသဖြင့် အာဆီယံအဖွဲ့မှာ တက်ကြွစွာ ပါဝင်ပူးပေါင်းဆောင်ရွက်နေတယ်။ **ထိုင်းနိုင်ငံဟာ မြန်မာနိုင်ငံနဲ့ အိမ်နီးချင်းကောင်းလဲ ဖြစ်တယ်။ အာဆီယံအဖွဲ့ဝင်နိုင်ငံချင်းလဲဖြစ်တယ်။ နှစ်နိုင်ငံ အပြန်အလှန် ချစ်ကြည်ရေးနဲ့ ပူးပေါင်းဆောင်ရွက်ရေး ခိုင်မြဲတိုးတက်နေသလို နိုင်ငံတကာ ဆက်ဆံရေးမှာ အမြင်ချင်းတူညီတဲ့ နိုင်ငံလဲဖြစ်တယ်။** အခုလို မြန်မာနိုင်ငံ ရန်ကုန်မြို့က ကုန်သွယ်မှုဗဟိုဌာနမှာပြုလုပ်တဲ့ ထိုင်းကုန်စည်ပြပွဲကို ချိန်ကိုက်ဗုံးခွဲတာဟာ မြန်မာ-ထိုင်း နှစ်နိုင်ငံဆက်ဆံရေး ပျက်အောင်လုပ်တာပဲ ဖြစ်တယ်။ တစ်ပါတည်းမှာ မြန်မာနိုင်ငံမှာ လုံခြုံမှုမရှိဘူးဆိုပြီး နိုင်ငံတကာအမြင်မှာ ပုံရိပ်ထင်အောင် လုပ်လိုက်တာလဲ ဖြစ်တယ်။

ထိုင်းအစိုးရဟာ အိမ်နီးချင်းကောင်း မြန်မာ-ထိုင်း နှစ်နိုင်ငံပြည်သူတွေအကျိုးကို ဖျက်ဆီးတဲ့ ပြည်ပြေး အဖျက်သမားတွေ၊ အကြမ်းဖက် လက်နက်ကိုင် သောင်းကျန်းသူတွေကို ဘယ်လိုမှ သူ့မြေပေါ်မှာ လက်ခံမယ် မဟုတ်ဘူး။ ဒါကြောင့် မြန်မာ-ထိုင်း ဆက်ဆံရေးပျက်မှ သူတို့ အနေချောင်မယ်ဆိုပြီး မြန်မာ-ထိုင်းဆက်ဆံရေး ပျက်ပြားအောင် ပြည်ပဆရာကြီးတွေရဲ့ အစီအမံအတိုင်း ဒီပြည်ပြေးအဖျက်သမားတွေနဲ့ အကြမ်းဖက် သောင်းကျန်းသူတွေ တစ်ကျိတ်တည်း တစ်ဉာဏ်တည်း ပူးပေါင်းလုပ်ကြတယ်ဆိုတာ သေချာတယ်။ မြေကြီးလက်ခတ် မလွဲဘူး။ အဲဒီလို ဆန်ကောလောက်မှ ဇောက်မနက်တဲ့ အကြမ်းဖက်အဖျက်သမား(Terrorist)တွေရဲ့ လုပ်ရပ်ဟာ နိုင်ငံနဲ့လူမျိုးအကျိုးကို ဖျက်ဆီးနေတာကတစ်ပါး အခြားဘာမျှ မရှိဘူး။ ပြည်သူတစ်ရပ်လုံး ကလဲ ဒီအဖျက်သမားတွေ ဒီယုန်မြင်လို့ ဒီချုံထွင်နေတယ် ဆိုတာ သိပြီးသားပါ။

ဒီကနေ့ဟာ နိုင်ငံတကာဈေးကွက်စီးပွားရေးခေတ်ဖြစ်တဲ့အတွက် ဒေသဆိုင်ရာ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို နိုင်ငံအချင်းချင်း လက်တွဲကြိုးပမ်း နေကြတယ်။ နောက်ဆုံး ဒီအကြမ်းဖက်အဖျက်သမားတွေ ကိုယ့်ရှူးကိုယ်ပတ်ပြီး ပြေးစရာမြေမရှိတဲ့ ဘဝကို ရောက်ကုန်မှာပါ။ ပြည်သူတွေက မင်းသား ခေါင်းဆောင်ထားတဲ့ အကြမ်းဖက်အဖျက်သမားအုပ်စုရဲ့ ဘီလူးရုပ်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရပြီ မဟုတ်လား။

နောက်တစ်ဦး။ ။ပြည်ပြေးအဖျက်သမားနဲ့ အကြမ်းဖက်လက်နက်ကိုင်သောင်းကျန်းသူတွေဟာ သူတို့ရဲ့ ယုတ်မာရက်စက်တဲ့ အဖျက်လုပ်ရပ်ကို ခေါင်းကင့်၊ ဖင်ကပေါ်ဆိုသလို ဖုံးကွယ်ဖို့ ကြိုးပမ်းနေကြတယ်။ အခုလို ချိန်ကိုက်ဗုံးခွဲတာဟာ အတွင်းကပဲ မကျေနပ်လို့ လုပ်သလိုလိုနဲ့ ယထာဘူတကျကျ မသုံးသပ်နိုင်သူတွေ ဇဝေဇဝါဖြစ်အောင်၊ ယုန်ထင်ကြောင်ထင်ဖြစ်အောင် ပြည်ပသတင်းဌာနအချို့မှာ စည်းဝါးကိုက်ပြီး အတိုင်အဖောက်ညီညီနဲ့ ထုတ်လွှင့်ပြောဆို နေလိုက်သေးတယ်။ မြန်မာစကားပုံ ရှိတယ်မဟုတ်လား။ သူခိုးက လူလူဟစ်တယ်ဆိုတာ ဒါမျိုးပဲ။

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဆိုတဲ့ နိုင်ငံတော်ရဲ့ ဒို့တာဝန်အရေးသုံးပါးကို ထာဝစဉ် မမှိတ်မသုန် အသက်ပုံအပ်ပြီး ကာကွယ်ထမ်းဆောင်နေတာ တပ်မတော်သာ ဖြစ်တယ်။ ၁၉၈၈ခုနှစ် မင်းမဲ့စရိုက်ဆိုး ကြီးစိုးလာတဲ့ အရေးအခင်းကြီးထဲက ပြည်သူတွေကို ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတည်ငြိမ်အေးချမ်းအောင် ကြိုးပမ်းလာခဲ့တာ တပ်မတော်အစိုးရပဲ ဖြစ်တယ်။ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ ဈေးကွက်စီးပွားရေးနဲ့ ဒီမိုကရေစီနိုင်ငံတော် ထူထောင်ရေးတာဝန်ကို မနားမနေ ထမ်းဆောင်လာခဲ့ပြီး ဆက်လက်ပြီးတော့လဲ သယ်ပိုးထမ်းရွက်နေတာလဲ တပ်မတော်အစိုးရပဲဖြစ်တယ်။ ဘယ်ခေတ်ဘယ်အခါနဲ့မျှ မတူအောင် အမျိုးသား ပြန်လည်သင့်မြတ်စည်းလုံးရေးကို တည်ဆောက်လာနိုင်တာလဲ တပ်မတော်အစိုးရပဲ။ တိုင်းရင်းသားလူမျိုးများ နေထိုင်ရာ နယ်စွန်နယ်ဖျား ဒေသပါမကျန် တစ်နိုင်ငံလုံးနီးပါး တည်ငြိမ်အေးချမ်းစွာ ဖွံ့ဖြိုးတိုးတက်လာခဲ့တာဟာလဲ တပ်မတော်အစိုးရရဲ့ ကြိုးပမ်းမှုကြောင့်သာ ဖြစ်တယ်။ ခြုံပြီးပြောရမယ်ဆိုရင် အခုလို တစ်နိုင်ငံလုံး ဘယ်ခေတ်ဘယ်အခါနဲ့မျှမတူအောင် ပြောင်းလဲတိုးတက်လာနေတာဟာ တပ်မတော်အစိုးရကြောင့်ပဲ မဟုတ်လား။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

လူကုန်ကူးခံရသည့် အမျိုးသမီးငယ် ၁၂ ဦးတို့အား မိသားစုထံ အပ်နှံပို့ဆောင်ပေးသည့် အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း)အမျိုးသမီးရေးရာအဖွဲ့က လူကုန်ကူးခံရသည့်အမျိုးသမီးငယ် ၁၂ ဦးတို့အား မိသားစုထံသို့ အပ်နှံပို့ဆောင်ပေးသည့် အခမ်းအနားကို မေ ၁၉ ရက် နံနက် ၁၀ နာရီခွဲတွင် တာချီလိတ်မြို့ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲ ခေါင်းဆောင် ဒေါ်ကြည်ကြည်မြ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသန်း၊ တာချီလိတ် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေး၊ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ကြီးတင့်လွင်၊ ခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ UNIAP မှ တာဝန်ရှိသူများ၊ လူကုန်ကူးခံရသည့် အမျိုးသမီးငယ် ၁၂ ဦး နှင့် ၎င်းတို့၏မိဘများ တက်ရောက်ကြသည်။

ပြန်လည်အပ်နှံ

ရှေးဦးစွာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ပြုစုပျိုးထောင်ရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင် ဒေါ်ကြည်ကြည်မြက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးဇော်မိုးအေးက လူကုန်ကူးခံရသည့် အမျိုးသမီးငယ် ၁၂ ဦးတို့အား မိသားစုထံ ပြန်လည်အပ်နှံပို့ဆောင်ပေးရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အေးအေးသန်းနှင့် UNIAPမှ ဒေါ်အိကလျာမိုး၊ ဝေါလ်ဗီဇွိုင်းမှ ဒေါ်မာလာစန်းတို့က လူကုန်ကူးခံရသူ အမျိုးသမီးငယ် ၁၂ ဦးတို့အား အားပေးစကား ပြောကြားကြသည်။

ထို့နောက်အမျိုးသမီးငယ် ၁၂ ဦးကိုယ်စား အမျိုးသမီးငယ် နန်းကျန်က ကျေးဇူးတင်စကားပြောကြားပြီး အမျိုးသမီးငယ် ၁၂ ဦးတို့၏ မိဘများကိုယ်စား နန်းကျန်၏ဖခင် ဦးစိုင်းကော်နှင့် နန်းတောင်၏ဖခင်ဦးစိုင်းကျန်တို့က ၎င်းတို့သမီးငယ်များအား မိသားစုထံပြန်လည်ရောက်ရှိရေးအတွက် အဘက်ဘက်က ကူညီပေးကြသည့် အမျိုးသမီးရေးရာအဖွဲ့၊ ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းနှင့် လူမှုရေးအသင်းအဖွဲ့များအား ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သာကေတမြို့နယ် မှန်ကင်းပရိယတ္တိစာသင်တိုက်နှင့် အမှတ်(၇)ဘုန်းတော်ကြီးသင် ပရဟိတကျောင်းသာမဏေ၊ ကျောင်းသား ၂၀၀ ကျော်အား ကိုထက်အောင်–မ စန်း စန်း နွယ် တို့၏သား မောင်ဝေဖြိုးမင်း၏ နှစ်နှစ်မြောက်မွေးနေ့အဖြစ်ငွေကျပ်နှစ်သိန်းတန်ဖိုးရှိ နေ့ဆွမ်းနှင့် ဗလာစာအုပ်ဆက်ကပ်လှူဒါန်းပြီး ရတနာမေတ္တာဖွဲ့ကုသိုလ်ဖြစ်ဆေးခန်း အမှတ်(၂) အတွက် ကိုထက်အောင်–မစန်းစန်းနွယ်၊ သား မောင်ဝေဖြိုးမင်း၊ ဦးခင်မောင်အေး–ဒေါ်ညွန့်မေ၊ ဒေါ်မေနီ၊ ဦးကျော်ရှိန်–ဒေါ်တင်နွဲ့၊ ကိုမျိုးမင်း၊ မထားထားလွင်၊ မထွေးထွေးတို့က အလှူငွေကျပ် ၄၇၀၀၀ကို ဆေးပဒေသာပင်အဖြစ် မေ ၂၂ ရက်က စိုက်ထူလှူဒါန်းစဉ်။ (က–ပ)

အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ပြန်လည်ထွက်ခွာ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေးခဲ့

ရန်ကုန် မေ ၂၅

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ၏ ဖိတ်ကြားချက်အရမြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီးရောက်ရှိနေသော အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဇက်၊ဆတ်(ဒ်)၊ အယ်လ်ဆရစ် ဦးဆောင်သော အီဂျစ်ကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။



ပို့ဆောင်နှုတ်ဆက်

အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အီဇက်၊ ဆတ်(ဒ်)၊ အယ်လ်ဆရစ် ဦးဆောင်သော အီဂျစ်ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဉာဏ်လင်း၊ မြန်မာနိုင်ငံဆိုင်ရာ အီဂျစ်နိုင်ငံသံအမတ်ကြီး မစ္စတာ မိုဟာမက်၊ မိုဟာမက် မီနေစီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ရန်ကုန်မြို့ အီဂျစ်သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

တွေ့ဆုံဆွေးနွေး

ခရီးစဉ်အတွင်း အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီးသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ပညာရေးဝန်ကြီးဌာန ဝန်ကြီးဦးသန်းအောင်တို့အား ဂါရဝပြုတွေ့ဆုံခဲ့သည်။ ထို့ပြင် အီဂျစ်အာရှရေးရာ လက်ထောက်နိုင်ငံခြားရေးဝန်ကြီး မစ္စတာအီဇက်၊ ဆတ်(ဒ်)၊ အယ်လ်ဆရစ် ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကိုလည်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ **(ဓါတ်ပုံ)** **(သတင်းစဉ်)**

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

ဒါ့အပြင် မူဝါဒလမ်းစဉ်(၇)ရပ်နဲ့အညီ ဒီမိုကရေစီနိုင်ငံတော် အသွင်ကူးပြောင်းရေးကို တိုင်းရင်းသားညီအစ်ကိုတွေ အောင်မြင်စွာ လက်တွဲအကောင်အထည် ဖော်လာနိုင်နေပြီဖြစ်တယ်။ ပထမအဆင့်ဖြစ်တဲ့ အမျိုးသားညီလာခံကြီးကို ပြည်ထောင်စု တစ်ဝန်းက တိုင်းရင်းသား ကိုယ်စားလှယ်စုံညီစွာနဲ့ အောင်အောင်မြင်မြင် ကျင်းပနိုင်လျက်ရှိတာဟာ ဒီမိုကရေစီနိုင်ငံတော်ကို လက်တွေ့ထူထောင်ပေးနေတဲ့ တပ်မတော်အစိုးရရဲ့ အောင်မြင်မှုတစ်ရပ်ပဲ။ အဲဒီလို တပ်မတော်အစိုးရရဲ့ နိုင်ငံထူထောင်ရေး လုပ်ငန်းမှန်သမျှကို အစဉ်တစိုက်ဖျက်လိုဖျက်ဆီး ကဖျက်ယဖျက် လိုက်လုပ်နေသူတွေဟာ ပြည်ပအားကိုး အဆိုးမြင်ဝါဒီ ပြည်ပြေးအဖျက်သမားများနဲ့ ပြည်တွင်းအကြမ်းဖက်လက်နက်ကိုင် သောင်းကျန်းသူတွေဖြစ်တယ်ဆိုတာ တိုင်းသိ၊ ပြည်သိ၊ ကမ္ဘာသိပါ။

အခုလို ဆွေးနွေးနေသူတွေထဲက နှစ်ဦးဟာ ကုန်ရောင်းကုန်ဝယ်အလုပ်နဲ့ ဗဟုသုတလိုက်စားသူတွေဖြစ်ပြီး အခြားတစ်ဦးက ခေတ်ပညာသင်ဖူးသူ၊ အခြားတစ်ဦးက ဘုန်းကြီးကျောင်းထွက်ဖြစ်ပါတယ်။ သူတို့ဟာ လူရွယ်တွေဖြစ်ပါတယ်။ သူတို့ဟာ ရိုးသားတဲ့ အမြင်နဲ့ ယထာဘူတကျကျ ဆွေးနွေးသွားခဲ့ကြတာပဲ ဖြစ်ပါတယ်။

မြန်မာနိုင်ငံဟာ နှစ်ပေါင်းရှည်ကြာစွာ အခွန့်ရှည်တည်တံ့လာတဲ့ နိုင်ငံဖြစ်ပါတယ်။ အခုလို နိုင်ငံ့သမိုင်းရှည်လျားစွာ တည်တံ့ထွန်းပြောင်လာခဲ့တာဟာ တိုင်းရင်းသား သွေးချင်းအားလုံးက တိုင်းပြည်ရန်သူဟူသမျှကို စုပေါင်းကာကွယ် တွန်းလှန်နိုင်ခဲ့ကြလို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် တစ်မျိုးသားလုံး အဆင့်ဆင့် ကြိုးပမ်းထူထောင်လာခဲ့လို့ ဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်ရေး မဝေးတော့တဲ့ ဒီကနေ့လို အချိန်အခါမှာ အပြစ်မဲ့ပြည်သူတွေကို ဗုံးထောင်သတ်ဖြတ်တဲ့အထိ လူမဆန်စွာ ရက်စက်ယုတ်မာနေတဲ့ အကြမ်းဖက် အဖျက်သမားတွေကို ပြည်သူ့စွမ်းအားနဲ့ အပြီးအပိုင်ချေမှုန်းသွားကြဖို့ ဖြစ်တယ်ဆိုတာကို အထူးတလည် တင်ပြလိုက်ရပါတယ်။ ။

မြန်မာ့ရုပ်မြင်သံကြား

၂၆–၅–၂၀၀၅ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀	၁။	ကျေးဇူးရှင်မင်းကွန်းဆရာတော် ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၁၅	၂။	တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ(ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိ ပါဠိတော်
၇:၂၅	၃။	ကျန်းမာဖို့ အတူကစားစို့
၇:၃၀	၄။	နံနက်ခင်းသတင်း
၇:၄၀	၅။	သံသာချိုအေး မင်္ဂလာတေး
၇:၅၀	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၀	၇။	အတီးပြိုင်ပွဲ
၈:၁၀	၈။	အကပဒေသာ
၈:၂၀	၉။	ကချင်ပြည်နယ် မိုးကောင်း တံတား
၈:၃၀	၁၀။	International News
၈:၄၅	၁၁။	Happy and Educational English Summer Course MRTV
၉:၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆:၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀	၃။	English for Everyday Use
၁၆:၄၅	၄။	တေးဂီတအစီအစဉ်
၁၇:၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ် (သင်္ချာအထူးပြု) (သင်္ချာ)
၁၇:၁၅	၆။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၁၇:၃၀	၇။	တေးသရုပ်ဖော်အစီအစဉ်
၁၇:၃၅	၈။	**"နင်းကြည့်စမ်းပါ"** မင်းအုပ်စိုး၊ ညီဘွား၊ ခင်စိုးပိုင် (ဒါရိုက်တာ–မင်းအုပ်စိုး)
၁၇:၄၅	၉။	တေးဂီတအစီအစဉ်
၁၈:၀၀	၁၀။	နိုင်ငံအဝန်းသစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်
၁၈:၁၅	၁၁။	သက်တံရောင်သံစဉ်
၁၈:၃၀	၁၂။	ညနေခင်းသတင်း
၁၉:၀၀	၁၃။	မိုးလေဝသအခြေအနေ
၁၉:၀၅	၁၄။	နိုင်ငံခြားဇာတ်လမ်းတွဲ **"ချစ်သောညီမ"** (အပိုင်း–၃၃)
၁၉:၃၅	၁၅။	**လူငယ်တွေ့ဆုံပွဲနှင့် နိုးနှောဖလှယ်ပွဲ (ပုဂံ) (အပိုင်း–၄)**
၁၉:၄၅	၁၆။	တေးဂီတအစီအစဉ်
၂၀:၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	မြန်မာရုပ်ရှင် **"အချစ်ကိုမွေးဖွားခြင်း" (အပိုင်း–၁)** ရန်အောင်၊ လူမင်း၊ ထွန်းအိန္ဒြာဗို၊ စိုးမြတ်နန္ဒာ (ဒါရိုက်တာ–မောင်တင်ဦး)

နိုင်ငံတော်အစိုးရဌာနပိုင် မော်တော်ယာဉ်မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ် (တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေသွားလာရန်လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၅ ခုနှစ် မေလအတွက်

နောက်ဆုံးပတ်(တနင်္ဂနွေနေ့) ၂၉–၅–၂၀၀၅ရက်နေ့

၂၀၀၅ ခုနှစ် ဇွန်လအတွက်

၁၂–၆–၂၀၀၅ရက်နေ့ နှင့် ၂၆–၆–၂၀၀၅ရက်နေ့

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ထူထောင်ဖို့၊ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် မေလ ၂၄ ရက်နေ့အထိ နိုင်ငံအဝန်းတွင်

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်(၁၇၅၇၈)တိုက် ဖွင့်လှစ်ပြီး ဖြစ်ပါသည်။

ကျေးလက်နေပြည်သူအများ ပညာဗဟုသုတတိုးပွားစေရန်
ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် စာအုပ်များကို
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ကြပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

ကလောမြို့နယ် သာမိုင်းခမ်းကျေးရွာတွင် ရောင်နီဦးကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ကျော်ဦး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဒေါ်ညွန့်ရီ၊ မြို့နယ်အသင်းအတွင်းရေးမှူး ဦးမြတ်စိုးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးထွန်းနောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

သာစည်မြို့ စာကြည့်တိုက်များအတွက် မဂ္ဂဇင်း၊ ဂျာနယ်မျိုးစုံလှူဒါန်း

သာစည် မေ ၁၅

သာစည်မြို့နယ်အတွင်းရှိ ကျေးလက်ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၌ ကျေးလက်လူငယ်လူရွယ်များ ဖတ်ရှုလေ့လာ ဗဟုသုတ ရရှိစေရေးအတွက် သုတ၊ ရသ၊ မဂ္ဂဇင်းမျိုးစုံနှင့် ဂျာနယ်မျိုးစုံ ပေးအပ်လှူဒါန်းပွဲကို မေ ၉ရက် နံနက်၁၀နာရီက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာဖတ်ခန်းမတွင် ကျင်းပသည်။

ပေးအပ်လှူဒါန်း

အခမ်းအနားတွင် သာစည်မြို့ အမှတ်(၄)ကျောင်းကြီးရပ်ကွက်နေ ဟိန်းရတနာလင်း ရွှေဆိုင်ပိုင်ရှင် ဦးမျိုးညွန့်မော်-ဒေါ်နီလာညို မိသားစုက မဂ္ဂဇင်းနှင့်ဂျာနယ်မျိုးစုံအုပ်ရေ ၁၅၀ကို ပေးအပ်လှူဒါန်းရာ မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်က လက်ခံရယူသည်။

ဒုတိယအကြိမ်

အလှူရှင်ဦးမျိုးညွန့်မော်-ဒေါ်နီလာညို မိသားစုက ကျေးလက်စာကြည့်တိုက်များအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနသို့ လာရောက်လှူဒါန်းသည်မှာ ဒုတိယအကြိမ်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ဝမ်းတွင်းမြို့နယ်တွင် မိဘမေတ္တာစာကြည့်တိုက်ဖွင့် သုတ၊ ရသ စာအုပ်မျိုးစုံနှင့် အလှူငွေပေးအပ်

ဝမ်းတွင်း မေ ၂၀

ဝမ်းတွင်းမြို့နယ် ကျင်းရွာမိဘမေတ္တာ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို မေ ၁၄ ရက် နံနက် ၈ နာရီက မြို့နယ်ဥက္ကဋ္ဌ ဦးကျော်သူ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဦးလှခိုင်နှင့်အလှူရှင်ဦးမျိုးတင်မွေး (ပလိပ်ချည်/စက်)တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

အမှာစကားပြောကြား

ဆက်လက်၍ စာကြည့်တိုက်ဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ ရှေးဦးစွာမြို့နယ်ဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက်မြို့နယ်ဥက္ကဋ္ဌ အဖွဲ့ဝင်(၁)မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးလှသန်းထွန်းနှင့် ဦးမျိုးတင်မွေးတို့ကကျေးရွာစာကြည့်တိုက်သို့စာအုပ်များကိုလည်းကောင်း၊ စာကြည့်တိုက်ရန်ပုံငွေအတွက် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၏ လှူဒါန်းငွေကျပ် ၁၃၅၀၀ကိုအဖွဲ့ဝင်(၂)လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးဌာနမှူး ဦးကိုကိုနိုင်ကလည်းကောင်း ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက် ကော်မတီဥက္ကဋ္ဌက လက်ခံရယူသည်။

ရှင်းလင်းပြောကြား

ထို့နောက် မြို့နယ်ဦးစီးမှူးက စာကြည့်တိုက် ရေရှည်တည်တံ့ရေး ရှင်းလင်းပြောကြားပြီး စာအုပ်အလှူရှင် ဦးမျိုးတင်မွေးက လှူဒါန်းရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ **(မြို့နယ် ပြန်/ဆက်)**

ဖွံ့ဖြိုးစည်ပင် ကျေးလက်တစ်ခွင်



မကွေးတိုင်း မင်းလှမြို့နယ် စည်ပင်သာယာရေး အဖွဲ့က ကြီးကြပ်ဆောင်ရွက်လျက်ရှိသော မယ် ၈ လီ တောကျေးရွာ ကျေးလက် အိမ်ရာဆောက်လုပ်နေမှုကို မေ ၂ ရက်က မြို့နယ်အမှုဆောင်အရာရှိ ဦးခင်မောင်ထွေး နှင့် အငယ်တန်း အင်ဂျင်နီယာ (၃) ဦးဗိုလ်မင်းတို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ် ပြန်/ဆက်)



မေ ၁ရက်က ရေစကြိုမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ကျေးလက် ဒေသ သောက်သုံးရေ ရရှိရေးအတွက် ရေရှားပါးသော ကျေးရွာများတွင် စက်ရေတွင်းများ တူးဖော် ပေးလျက် ရှိရာ ရွာသစ် ကျေးရွာတွင်စက်ရေတွင်း တူးဖော်မှုကို အမှုဆောင် အရာရှိ ဦးကျော်ဖ ကြီးကြပ် ဆောင်ရွက်ပေးစဉ်။

(မြို့နယ်စည်ပင်)

ပဒေါ့ကုန်းတံတားဆောက်ရန် ကွင်းဆင်းကြည့်ရှု

မြောင်းမြ မေ ၂၀

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေးနှစ်အတွင်း နိုင်ငံတော်ထောက်ပံ့ငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း တံတားလုပ်ငန်းမှ တောင်ပေါ်စု ကျေးရွာအုပ်စု လှည်းဆိပ်ကျေးရွာ ပဒေါ့ကုန်းတံတားတည်ဆောက်မည့် နေရာနှင့် ကညင်ကိုင်းကျေးရွာအုပ်စု ကညင်ကိုင်း-ဝါးဘိုးတောင် မြေသားတာပေါင်ဖို့ ဂဝံခင်းခြင်းလုပ်ငန်းတို့အတွက် အင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် အမှုဆောင်အရာရှိ ဦးမြင့်အောင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးစန်းမြင့်ဝင်းတို့ မေ ၁၃ရက်က ကွင်းဆင်းကြည့်ရှု ဆောင်ရွက်ကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ကျွန်းလှမြို့ ပေပင်ချောင် အခြေခံပညာအထက်တန်းကျောင်းခွဲ ကျောင်းဆောင်သစ်ဖွင့်၊ ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

ကျွန်းလှ မေ ၁၉

စစ်ကိုင်းတိုင်း ရွှေဘိုခရိုင် ကျွန်းလှမြို့နယ် ပေပင်ချောင်ကျေးရွာအခြေခံပညာ အထက်တန်းကျောင်းခွဲ၌ ပြည်လုံးချမ်းသာ ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၁၃ ရက် နံနက် ၉ နာရီက အဆိုပါကျောင်းဆောင်ရှေ့တွင် ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ရှေးဦးစွာ အစီအစဉ်အရ ပြည်လုံးချမ်းသာကျောင်းဆောင်သစ်အား စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်နှင့် ဟွန်ဒါမြန်မာကုမ္ပဏီ လီမိတက်မှ အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေး ကြသည်။ **(ယာပုံ)**

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် စစ်ကိုင်းတိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးတင်မောင်မောင်က အမှာစကားပြောကြားပြီး ဟွန်ဒါမြန်မာကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်က ကျောင်းဆောင်သစ်လှူဒါန်းရခြင်းနှင့်ပတ်သက်ပြီး ရှင်းလင်းပြောကြားသည်။

ထို့နောက် ဟွန်ဒါမြန်မာကုမ္ပဏီလီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးတင်မောင်က ပြည်လုံးချမ်းသာ နှစ်ထပ်ကျောင်းဆောင်သစ်နှင့် ပတ်သက်သည့် စာရွက်စာတမ်းများကိုပညာရေးဌာနသို့ လွှဲပြောင်း ပေးအပ်သည်။ အဆိုပါ ပြည်လုံးချမ်းသာ ကျောင်းဆောင်သစ်ကို ဟွန်ဒါမြန်မာကုမ္ပဏီလီမိတက်က ငွေကျပ်သိန်း ၁၆၀၊ ပြည်သူများက ထည့်ဝင်လှူဒါန်းငွေကျပ် ၁၄၈၅၀၄၄၀ဖြင့် အကုန်အကျခံ ဆောက်လုပ်ခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပျဉ်းမနားမြို့ အမှတ်(၁) ဈေးကြီး စုပေါင်းသန့်ရှင်း

ပျဉ်းမနား မေ ၁၅

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် ခရိုင်မီးသတ် ဦးစီးအရာရှိ ဦးကြည်သိန်းနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးမောင်မောင်သောင်းတို့ ဦးဆောင်၍ မြို့နယ်မီးသတ်ဦးစီးမှူး ဦးဇော်မိုးနှင့်သန္နေတပ်ဖွဲ့ဝင်များ၊အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဒုတိယဦးစီးမှူး(ဈေး) ဦးဇော်ချိုဝင်းနှင့် ဝန်ထမ်းများသည် မေ ၃ရက် နံနက်က အမှတ်(၁)ဈေးကြီးအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြကြောင်း သိရသည်။

(၁၀၁)

လှိုင်လင်မြို့နယ်တွင် လှိုင်လင်-တောင်ကြီး ပြည်ထောင်စုလမ်းမကြီးရှိ တြိဂံပန်းခံအတွင်း မြေယာရှုခင်း အလှပြုပြင်ခြင်းလုပ်ငန်းကို မတ် ၂၄ ရက်က ဆောင်ရွက်ကြစဉ်။

(နယ်စပ်/ စည်ပင်)

ဇီးကုန်းမြို့တွင် နွေရာသီသင်တန်းများဖွင့်

ဇီးကုန်း မေ ၉

ပဲခူးတိုင်း(အနောက်ပိုင်း)ဇီးကုန်းမြို့နယ် ပညာရေးဌာနက ကြီးမှူး၍ ၂၀၀၅ခုနှစ် နွေရာသီသင်တန်းများ ဖွင့်ပွဲ အခမ်းအနားကို ဧပြီ ၁ ရက် နံနက်က အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးကော်မတီဥက္ကဋ္ဌ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်တင်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ပညာရေးမှူးနှင့်အထက်တန်း၊ အလယ်တန်းနှင့်မူလတန်းကျောင်းအုပ် ဆရာ ဆရာမကြီးများ တက်ရောက်ကြကြောင်းသိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးသမားများ မွေးထုတ်ပေးလျက်ရှိသော ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီး ဘောလုံးအသင်းအား ဂုဏ်ပြုပွဲအခမ်းအနားတွင် ဤသို့ တွေ့ရသည်။ (ပို့ဆောင်ရေး)

အောင်မြင်မှုအစဉ်အလာရှိသော ပို့ဆောင်ရေးအမျိုးသမီးဘောလုံးအသင်း မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးသမားများ မွေးထုတ်ပေးလျက်ရှိ

ရန်ကုန် မေ ၂၅

ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးသည် ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီး ဘောလုံးအသင်းကို နည်းပြ သုံးဦး၊ အားကစားသမား ၃၀ စုစုပေါင်း ၃၃ ဦးဖြင့်ဖွဲ့စည်းကာ ဒေါပုံသဘော်ကျင်း၌ စခန်းသွင်းလေ့ကျင့်ပေးလျက်ရှိသည်။ ပို့ဆောင်ရေး အမျိုးသမီးဘောလုံးအသင်းသည် အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့က စီစဉ်ကျင်းပသည့် အမျိုးသမီးဘောလုံးပြိုင်ပွဲများ၌ ပါဝင်ယှဉ်ပြိုင်ခဲ့ရာ ပထမ ဆုတံဆိပ်များရရှိပြီး ပြည်တွင်း၌ အောင်မြင်မှုအရှိဆုံး အမျိုးသမီးဘောလုံးအသင်းအဖြစ် အသိအမှတ်ပြုခြင်း ခံထားရသည်။

မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းသည် မလေးရှားနိုင်ငံ၌ မေ ၂၀ ရက်မှ ၂၇ ရက်အထိ ကျင်းပလျက်ရှိသော လေးနိုင်ငံ အမျိုးသမီး ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်လျက်ရှိသည်။ အဆိုပါပြိုင်ပွဲတွင် အိမ်ရှင်မလေးရှားနှင့်အတူ မြန်မာ၊ ဖိလစ်ပိုင်နှင့် မော်လဒိုက်တို့ ပါဝင်ယှဉ်ပြိုင်ကြသည်။

မလေးရှားနိုင်ငံ ဖိတ်ခေါ်အမျိုးသမီးဘောလုံးပြိုင်ပွဲဝင် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် အားကစားသမား ၁၈ ဦးပါဝင်သည့်အနက် ပို့ဆောင်ရေး အမျိုးသမီး ဘောလုံးအသင်းမှ ခုနစ်ဦးပါဝင်သည်။ ၎င်းတို့မှာ နောက်တန်းမှ မိုးမိုးဝါ၊ သက်သက်ဝင်းနှင့် နေဇာလင်းလင်းအောင်၊ အလယ်တန်းမှ အေးနန္ဒာလှိုင်နှင့် သန်းသန်းထွေး၊ ရှေ့တန်းမှ မာလာဝင်းနှင့် ဇင်မာဝမ်းတို့ ဖြစ်ကြသည်။ အဆိုပါ ခုနစ်ဦးစလုံးသည် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း၏ အားထားရသော အမာခံ အားကစားသမားများ ဖြစ်ကြသည်။

၂၀၀၄ ခုနှစ် ပထမအကြိမ် အာဆီယံအမျိုးသမီး ဘောလုံးပြိုင်ပွဲ၌ ချန်ပီယံဆုဖလားရရှိခဲ့သော မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးအသင်းတွင် ပို့ဆောင်ရေး အမျိုးသမီးဘောလုံးအသင်းမှ အားကစားသမား ရှစ်ဦးတိတိ ပါဝင်ခဲ့ကြသည်။ ပို့ဆောင်ရေး အမျိုးသမီးဘောလုံးအသင်းသည် မြန်မာ့လက်ရွေးစင် အမျိုးသမီးဘောလုံးသမားများကို စဉ်ဆက်မပြတ်မွေးထုတ်ပေးလျက်ရှိရုံသာမက ပြည်နယ်နှင့်တိုင်း ကိုယ်စားပြု အမျိုးသမီးဘောလုံးသမားများကိုလည်း ပြုစုပျိုးထောင်ပေးလျက်ရှိသည်။

၂၀၀၅ ခုနှစ် မေ ၅ ရက်မှ ၂၀ ရက်အထိ ကျင်းပခဲ့သော (၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲတွင် ပို့ဆောင်ရေး အမျိုးသမီးဘောလုံးအသင်းမှ အားကစားသမား ၁၉ ဦးတို့သည် ပြည်နယ်နှင့်တိုင်းအသင်းများကို ကိုယ်စားပြု ပါဝင်ကစားခဲ့ကြသည်။ ပို့ဆောင်ရေး အမျိုးသမီးဘောလုံးအသင်းအနေဖြင့် ဝန်ကြီးဌာနပြိုင်ပွဲများ ရပ်နားထားချိန်တွင် အားကစားသမားများ ပြိုင်ပွဲအတွေ့အကြုံရရှိရေးနှင့် လေ့ကျင့်သားပြည့်ဝစေရန် ယခုကဲ့သို့ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုခဲ့ခြင်း ဖြစ်သည်။

(၁၀)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီး(အလွတ်တန်း)ဘောလုံးပြိုင်ပွဲ၌ ဧရာဝတီတိုင်းအသင်းကို အနိုင်ရဗိုလ်စွဲသွားသော ရန်ကုန်တိုင်းအသင်းတွင် ပို့ဆောင်ရေး အမျိုးသမီးဘောလုံးအသင်းမှ အားကစားသမား ခုနစ်ဦး ပါဝင်ခဲ့ကြရာ မိုးမိုးထွေး၊ စန်းစန်းမော်ဝင်း၊ ငြိမ်းငြိမ်းအိ၊ စုငြိမ်းအေး၊ ရီရီနွယ်၊ မူမူလွင်နှင့် ယမင်းသီတာလွင်တို့ ဖြစ်ကြသည်။

ထို့အပြင် တနင်္သာရီတိုင်းအသင်း၌ ပို့ဆောင်ရေး အမျိုးသမီးဘောလုံးအသင်းမှ အားကစားသမား ကိုးဦး ပါဝင်ရာ ဆွေဆွေသူ၊ ဝင်းဝင်းမော်၊ ဝင်းဝင်းငွေ၊ ဥမ္မာစမ်း၊ သင်းသင်းအေး၊ ခင်မိုးဝင်း၊ အေးဟန်၊ မိုးသီတာနှင့် ခင်မိုးထွေးတို့ ဖြစ်ကြသည်။ ဧရာဝတီတိုင်းအသင်းမှ သီတာဦး၊ ကချင်ပြည်နယ်မှ မာဂရက်မေရီနှင့် ဝါဝါထွေးတို့သည်လည်း ပို့ဆောင်ရေး အမျိုးသမီးဘောလုံးအသင်းမှ ပင် ဖြစ်သည်။

ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီး ဘောလုံးအသင်း အောင်မြင်မှုရရှိရေးအတွက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးပြီး ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးတင့်က အနီးကပ်ကြီးကြပ်ပံ့ပိုးပေးလျက်ရှိသည်။ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးမြင့်ဆွေက အုပ်ချုပ်သူအဖြစ် တာဝန်ယူပြီး နည်းပြဆရာများအဖြစ် ဦးဝင်းစိန်၊ ဦးညွန့်သိန်းနှင့် ဦးခင်မောင်မြင့်တို့က ဆောင်ရွက်လျက်ရှိသည်။

ပို့ဆောင်ရေး အမျိုးသမီးဘောလုံးအသင်းသည် ၁၉၉၆ ခုနှစ် နိုဝင်ဘာမှ ၂၀၀၄ ခုနှစ် ဒီဇင်ဘာလအထိ ပြိုင်ပွဲရှစ်ကြိမ်ယှဉ်ပြိုင်ခဲ့ရာ ပထမဆုငါးကြိမ်၊ တတိယဆုသုံးကြိမ်နှင့် အသန့်ရှင်းဆုံးဆု တစ်ကြိမ်ရရှိထားသည်။ မြန်မာ့လက်ရွေးစင်အမျိုးသမီး ဘောလုံးအသင်း၏ နိုင်ငံတကာပြိုင်ပွဲ သွားရောက်ယှဉ်ပြိုင်သည့် အကြိမ်တိုင်း၌ ပို့ဆောင်ရေး အမျိုးသမီးဘောလုံးအသင်းမှ အားကစားသမားများ ပါဝင်ခဲ့ကြသည်။

ပို့ဆောင်ရေးဝန်ကြီးဌာန အမျိုးသမီး ဘောလုံးအသင်းသည် မြန်မာ့လက်ရွေးစင် အမျိုးသမီး ဘောလုံးအသင်း နိုင်ငံတကာပြိုင်ပွဲများ၌ အောင်မြင်မှုရရှိရေးနှင့် အမျိုးသမီးဘောလုံး အားကစားအဆင့်အတန်း တိုးတက်မြင့်မားလာရေးအတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း ဖော်ပြလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

✡ ကျော့ဖုံးမှ

မြန်မာလူငယ်လက်ရွေးစင်အသင်းက ဦးဆောင်ဂိုးရရှိခဲ့ရာ ပထမပိုင်း ၃၈ မိနစ်တွင် စိုးသီဟအောင်က သွင်းယူပေးသည်။ ဘဏ္ဍာ/အခွန်အသင်းအတွက် ချေပဂိုးကို ပွဲချိန် ၇၄ မိနစ်တွင် ကျော်ကျော်စိုးက ခေါင်းတိုက်သွင်းယူပေးသည်။ ဘဏ္ဍာ/အခွန်အသင်းတွင် အမာခံကစားသမားများ မပါဝင်ဘဲ အရန်လူများကို ပွဲထုတ်ကစားသွားသည်။

ခြေစမ်းပွဲ

အသက်(၂၀)အောက် မြန်မာလူငယ်လက်ရွေးစင်အသင်းသည် မေ ၂၁ ရက်က အဆင့်မြင့်တန်းမှ စွမ်းအင်အသင်းနှင့် ခြေစမ်းကစားခဲ့ရာ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ဒုတိယခြေစမ်းပွဲစဉ်အဖြစ် မေ ၂၃ ရက်က အဆင့်မြင့်တန်းမှ စီးပွား/ကူးသန်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

စခန်းသွင်းလေ့ကျင့်

အသက်(၂၀)အောက် မြန်မာလူငယ်လက်ရွေးစင်အသင်းကို မေ ၂ ရက်မှစတင်၍ အားကစားသမား ၂၄ ဦးဖြင့် စခန်းသွင်းလေ့ကျင့်မှုများ ပြုလုပ်ခဲ့သည်။ အသက်(၂၀)အောက် မြန်မာလူငယ်လက်ရွေးစင်အသင်းကို အဆင့်မြင့်တန်းမှ စွမ်းအင်၊ စီးပွား/ကူးသန်း၊ ဘဏ္ဍာ/အခွန်အသင်းတို့နှင့် ခြေစမ်းပွဲများ ကစားပြီးနောက် အပြီးသတ် ဆန်ခါတင် ၁၈ ဦး ရွေးချယ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တင်းနစ်အဖွဲ့ချုပ်ဥက္ကဋ္ဌဖလား တင်းနစ်ပြိုင်ပွဲစတင်ကျင်းပ

ရန်ကုန် မေ ၂၅

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်က ကြီးမှူး၍ ၂၀၀၅ ခုနှစ် မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလား (Tennis Federation of Myanmar President Cup Tennis Tournament 2005)တင်းနစ်ပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ စတင်ကျင်းပရာ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်(Max Myanmar)၊ အထွေထွေအတွင်းရေးမှူး ဦးလေးနိုင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် တင်းနစ်အားကစားဝါသနာရှင်များ တက်ရောက် ကြည့်ရှုအားပေးကြသည်။

အနိုင်ရရှိ

ပြိုင်ပွဲ၏ အမျိုးသား အသက်(၁၄)နှစ်အောက် တစ်ဦးချင်းပတ်လည်ပြိုင်ပွဲတွင် အိုက်ကျော်က ဝင်းထက်ပိုင်ကို ၄–၆၊ ၆–၃၊ ၆–၁ ဖြင့်လည်းကောင်း၊ အောင်ကျော်နိုင်က ကျော်မြင့်သန်းကို ၆–၃၊ ၆–၀ ဖြင့်လည်းကောင်း၊ တင်မျိုးဝေက အောင်ကိုဦးကို ၆–၁၊ ၆–၄ ဖြင့်လည်းကောင်း၊ အိုက်ကျော်က ကျော်မြင့်သန်းကို ၆–၂၊ ၆–၀ ဖြင့် လည်းကောင်း၊ အောင်ကျော်နိုင်က တင်မျိုးဝေကို ၆–၀၊ ၆–၀ ဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားကြပြီး အမျိုးသမီးပြိုင်ပွဲတွင် မိုးချစ်သဲက သန္တာအောင်ကို ၆–၂၊ ၆–၄ ဖြင့် အနိုင်ရရှိသွားသည်။

(က)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် မြို့တော်စည်ပင်အသင်းက အမှတ်(၁)စက်မှုအသင်းကို သုံးပွဲ–ပွဲမရှိဖြင့် အနိုင်ရရှိသွားသည်။ (ခ)အဆင့် အသင်းလိုက်ပြိုင်ပွဲတွင် Morning Star အသင်းက ခရမ်းအသင်းကို နှစ်ပွဲ–တစ်ပွဲဖြင့်နိုင်ပြီး မြို့တော်စည်ပင်အသင်းက Horn Bill အသင်းကို သုံးပွဲ–ပွဲမရှိဖြင့် အနိုင်ရရှိသွားသည်။

မေ ၂၆ ရက် **(ယနေ့)** နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ပြိုင်ပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့တစ်လွှား အားကစား

ဒဗလျူဘီအို ဟဲဗီးဝိတ်ချန်ပီယံ ဘရောစတာ အလဲထိုးအနိုင်ယူ

ချီကာဂို မေ ၂၅

ဒဗလျူဘီအို ဟဲဗီးဝိတ်ချန်ပီယံ လက်ဝှေ့ပြိုင်ပွဲကို မေ ၂၄ ရက်က ချီကာဂိုမြို့၌ကျင်းပရာ လာမွန်ဘရောစတာက အင်ဒရူးဂိုလော့တာအား အလဲထိုးကာ ဒဗလျူဘီအို ချန်ပီယံသရဖူကို ရယူသွားခဲ့သည်။

ဂိုလော့တာသည် ဘရောစတာ၏ ထိုးသတ်မှုကြောင့် သူ၏ လက်ဝှေ့လောကကို အဆုံးသတ်စေခဲ့၍ နောက်ဆုံး ကမ္ဘာ့ဖလားရယူနိုင်မည့် အခွင့်အလမ်းဖြစ်ခဲ့သည်။

ဘရောစတာသည် ၅၃ စက္ကန့်အတွင်း ဂိုလော့တာအား အနိုင်ယူ အလဲထိုးခဲ့ခြင်းဖြစ်သည်။ ဂိုလော့တာသည် ဘရောစတာ၏ ထိုးသတ်မှုကြောင့် လက်ဝှေ့ကြိုးတန်းပေါ်သို့ ရောက်ရှိသွားသည်။ ၎င်းသည် ကြိုးတန်းအတွင်းမှ ပြန်ထကာ ဘရောစတာအား ပြန်ထိုးရန် ကြိုးစားရာ ဘရောစတာက ကြမ်းပြင်သို့ အလဲထိုးချလိုက်၍ ပြိုင်ပွဲမှာ အဆုံးသတ်သွားသည်။ ယင်းပြိုင်ပွဲသည် ဘရောစတာ၏ လက်ဝှေ့သက်တမ်းတစ်လျှောက် ရှစ်ပွဲအနိုင်ရခဲ့ရာတွင် ယခုပွဲသည် ပြိုင်ဘက်အား အလဲထိုးပွဲ ဖြစ်ခဲ့သည်။

ဒဗလျူဘီအိုဟဲဗီးဝိတ်ချန်ပီယံလုပွဲတွင် ဘရောစတာက ဂိုလော့တာအား ကြိုးဝိုင်းအပြင်သို့ရောက်အောင် ထိုးချလိုက်စဉ်။ (ဓာတ်ပုံ–အင်တာနက်)

ပြိုင်ပွဲအပြီးတွင် ဘရောစတာက "မိုက်တိုင်စန်နှင့် လင်းနော့လူးဝစ် တို့ကဲ့သို့ ဂရိတ်ချန်ပီယံဖြစ်ပြီလို့တော့ ကျွန်တော် မပြောလိုကြောင်း၊ ဒါပေမယ့် ကျွန်တော်ဟာ တကယ့်ချန်ပီယံဖြစ်ကြောင်း၊ ယင်းကဲ့သို့ အလဲထိုးနိုင်သည်မှာလည်း ကျွန်တော့်ရဲ့ ကျွမ်းကျင်မှုပင်ဖြစ်ကြောင်း" ပြောကြားသည်။

သို့ရာတွင် ၎င်းသည် ပြီးခဲ့သောနှစ် နိုဝင်ဘာက ဒဗလျူဘီအေ ချန်ပီယံ ဂျွန်ရုခ်အား အမှတ်ဖြင့်လည်းကောင်း၊ အိုင်ဘီအက်ဖ်ချန်ပီယံ ခရစ္စဘတ်အား ပြီးခဲ့သည့်နှစ် ဧပြီက လည်းကောင်း၊ ၁၉၉၇ ခုနှစ်က လင်းနော့်လူးဝစ်အား လည်းကောင်း ရှုံးနိမ့်ထားသည်။ **(အင်တာနက်)**

အစ္စတန်ဘူလ် တင်းနစ်ဖိုလ်လုပွဲ ဗီးနပ်စ်ဝီလျံဖလားရယူ

အစ္စတန်ဘူလ်တင်းနစ်ဖိုလ်လုပွဲတွင် နီကိုဗိုင်ဒီဆိုဗာအား အနိုင်ရရှိသွားသော ဗီးနပ်စ်ဝီလျံအား ဆုဖလားနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

အစ္စတန်ဘူလ် မေ ၂၅

တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ မေ ၂၃ ရက်က ကျင်းပသော အစ္စတန်ဘူလ်ဖလား တင်းနစ်ဖိုလ်လုပွဲတွင် အမေရိကန် ထိပ်တန်းတင်းနစ်မယ် ဗီးနပ်စ်ဝီလျံက ချက်သမ္မတနိုင်ငံသူ နီကိုဗိုင်ဒီဆိုဗာအား ၆–၃၊ ၆–၂ ဖြင့်နိုင်ပြီး အစ္စတန်ဘူလ်ဖလားကို ရယူသွားသည်။

ဗီးနပ်စ်ဝီလျံသည် ၂၀၀၄ ခုနှစ် မေလက ဝါဆောအိုးပင်းတွင် နောက်ဆုံး ဗိုလ်စွဲခဲ့ပြီးနောက် အစ္စတန်ဘူလ်ဖလားမှာ ပထမဆုံးဆွတ်ခူးနိုင်သည့် ဖလားဖြစ်သည်။

ဗီးနပ်စ်သည် ဗိုင်ဒီဆိုဗာအား တစ်နာရီခွဲမျှကြာအောင် ယှဉ်ပြိုင်ကစားခဲ့ရသည်။ ဗိုင်ဒီဆိုဗာသည် ကမ္ဘာ့အဆင့် ၃၄ ရှိသည်။ ၎င်းသည် အနာစမတ်နိုဗာအား အကြိုဗိုလ်လုပွဲတွင် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

စိန္တာမုနိစေတီ ဗုဒ္ဓါဘိသေကအနေကဇာတင် ဗောဓိပင်ကဆုန်ညောင်ရေသွန်းလောင်း

ရန်ကုန် မေ ၂၅

ညောင်ဦးမြို့နယ် စဥ့်ကူမြို့ မြို့ကုန်းရပ်ကွက်ရှိ သမိုင်းဝင်ရှေးဟောင်း ဆုတောင်းပြည့်စေတီတော်ကြီးနှင့် ကျပ် ၁၀ သိန်းကျော်ဖိုးရှိ ဂြိုဟ်တိုင် ၁၂ ခုတွင် သီတင်းသုံးတော်မူသည့် ဆင်းတုတော်များ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲ၊ အလုံမြို့နယ်နေ ဦးဝင်းလွင်–ဒေါ်အေး(ခ)ဒေါ်အေးမြင့်စိန် မိသားစု၊ ဗိုလ်တထောင်မြို့နယ်နေ ဦးစိုးဘုန်းထူး–ဒေါ်ဖြူဖြူညွန့်မိသားစုတို့က လှူဒါန်းသည့် ကျပ် ၁၀ သိန်းကျော်ဖိုးရှိ အဝီစိရေတွင်း၊ မီးစက်၊ ရေမှုတ်စက်များ ဖွင့်ပွဲနှင့် ရန်ကင်းမြို့နယ်နေ သတင်းထောက် ဦးအောင်ရွှေဦး–ဒေါ်နီနီ မိသားစုကလှူဒါန်းသည့် ဗောဓိညောင်ပင် ကဆုန်ညောင်ရေသွန်းလောင်းပွဲကို မေ ၂၂ ရက်(ကဆုန်လပြည့်နေ့)က အဆိုပါဘုရားဝင်းရှိကျောင်းပရဝုဏ် မန္တလေးတိုင်း သံဃာ့ဝန်ဆောင် ဓမ္မာစရိယ ဝိနယပါဠိပါရဂူ ဘဒ္ဒန္တမဏ္ဍလ၊ စဥ့်ကူသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ရွှေကျောင်းကြီးဆရာတော် ဘဒ္ဒန္တကောသလ္လ၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥတ္တမ (စဥ့်ကူဆရာတော်)နှင့် သံဃာတော်များက ဗုဒ္ဓါဘိသေကအနေကဇာတင်တော်မူပြီး ဗုဒ္ဓပူဇနိယဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်)နာယက ဦးစိုးဝင်း(စဥ့်ကူစိုးဝင်း)က အခမ်းအနားကျင်းပရခြင်း လျှောက်ထားကာ စေတီတော်ကြီး ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးလှမော်က ကျေးဇူးတင်စကားပြောကြားပြီး ဆရာတော်များက ဘုရားကြီးနေ့စဉ် ရေချမ်းကပ်လှူရန်၊ သံဃာတော်များအသုံးပြုရန်၊ ဘုရားဖူးများ သောက်သုံးရန်အတွက် လှူဒါန်းသည့် ရေချိုစက်ရေတွင်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ညနေပိုင်းတွင် ဗုဒ္ဓပူဇနိယ ဆီမီး ၉၉၀၀ အဖွဲ့ (အင်းစိန်) အတွင်းရေးမှူး ဦးခင်မောင်ညွန့် (တရားရုံးချုပ်ရှေ့နေ) ဦးဆောင်၍ မြို့ကုန်းရပ်ကွက်နေသူများက ပထမအကြိမ် ကဆုန်ညောင်ရေသွန်းပွဲကို စည်ကားစွာကျင်းပသည်။ **(အပေါ်ပုံ) (၀၄၆)**

ကိုယ့်အားကိုယ်ကိုး ကျေးလက်ဆေးပေးခန်း လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကျင်းပ

ရန်ကုန် မေ ၂၅

မြင်းခြံမြို့နယ် မီးပေါက်ကျေးရွာ ကျေးလက်ကျန်းမာရေးဆေးပေးခန်း အဆောက်အအုံလွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၂၁ ရက် နံနက် ၁၀ နာရီတွင် အဆိုပါ ဆေးပေးခန်းအဆောက်အအုံရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ကျေးလက်ဆေးပေးခန်းကို မြင်းခြံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစန်းအောင်၊ ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ မောင်မောင်လှနှင့် ကျေးရွာဥက္ကဋ္ဌ ဦးခင်ငြိမ်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်ငြိမ်းက ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမောင်မောင်လှထံသို့ ကျေးလက်ဆေးပေးခန်းနှင့်ပတ်သက်သော စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်သည်။

(သတင်းစဉ်)

မင်္ဂလာညှော်ခံပွဲ ကျေးဇူးတင်လွှာ

မန္တလေးတိုင်း၊ လယ်ဝေးမြို့နေ

ဦးမိုးကျော်(အောင်ဇေယျဆန်စက်)–(ဒေါ်သိန်းသိန်းတင်)တို့၏ သားကြီး

ဒေါက်တာထွန်းလင်းမိုး

Ph.D. (Development Administration),
NIDA, Thailand
Postdoctoral Fellow, Asian Institute of Technology, Thailand

နှင့်

ရန်ကုန်တိုင်း၊ လှိုင်မြို့နယ်နေ

ဦးအောင်ကြိုင်(ခရိုင်အုပ်ချုပ်ရေးမှူး၊ ငြိမ်း၊ ထွေ/အုပ်)–ဒေါ်ကြင်ရီတို့၏ သမီးကြီး

မမြတ်သန္တာအောင်

B.A (International Relations),
Tokai University, Japan
M.A(Law), Waseda University, Japan

တို့၏ ၂၃–၅–၂၀၀၅ရက်၌ မင်္ဂလာလက်မှတ်ရေးထိုးပေးခဲ့သော တရားရုံးချုပ် ညွှန်ကြားရေးမှူး ဦးတင်ဝင်းအား လည်းကောင်း၊ Traders Hotel တွင် ကျင်းပပြုလုပ်ခဲ့သော မင်္ဂလာညစာစားပွဲ အခမ်းအနားတွင် မင်္ဂလာလက်စွပ် ဆင်မြန်းပေးသော ဦးတင်ဝင်းနှင့် ဇနီး ဒေါ်ခင်စန်းအား လည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသူများနှင့် မင်္ဂလာပွဲကို တက်ရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိညှော်ပရိသတ်အားလုံး၊ မင်္ဂလာပွဲဖြစ်မြောက်အောင် အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော မိတ်ဆွေသူငယ်ချင်းများအားလုံးနှင့် Traders Hotel မှ ဝန်ထမ်းများအားလုံးကို လည်းကောင်း ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
ဒေါက်တာထွန်းလင်းမိုး–မမြတ်သန္တာအောင်။

မင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ

ဦးတင်လှိုင်(မလိခပွဲရုံ၊ဘုရင့်နောင်)–ဒေါ်နွယ်နီဝင်း(ရွှေအုန်းပင်ဆေးလိပ်ခုံ)

တို့၏တစ်ဦးတည်းသောသား

မောင်အောင်ဟိန်းဦး

3rd Year (Botany)

နှင့်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေ

ဦးမြင့်ဦး–ဒေါ်စိုးစိုးတို့၏သမီးဦး

မသက်စိုးဦး

3rd Year (History)

တို့၏ ၂၂–၅–၂၀၀၅ရက် (တနင်္ဂနွေနေ့)တွင် Summit Partview Hotel ၌ကျင်းပသော မင်္ဂလာညှော်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံး ချီးမြှင့်ပေးပါသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးကိုကိုနှင့်ဇနီး ဒေါ်တင်တင်ညွန့် တို့အားလည်းကောင်း၊ မင်္ဂလာလက်စွပ်ချီးမြှင့်ပေးပါသော ဦးစစ်သိန်းနှင့်ဇနီး ဒေါ်စန်းစန်း (Diamond Queen ကားမှန်အမျိုးမျိုးနှင့် အဆောက်အအုံလုပ်ငန်း)တို့အားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသည့် စစ်ဘက်နယ်ဘက်မှ ဂုဏ်သရေရှိ လူကြီးမင်းများနှင့်ဇနီးများအားလည်းကောင်း၊ မင်္ဂလာလက်ဖွဲ့ပေးပို့ကြသည့် ရပ်နီးရပ်ဝေးမှ နှစ်ဖက်ဆွေမျိုး၊ မိတ်သင်္ဂဟများနှင့် သူငယ်ချင်းများအားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူး ဦးရန်ပိုင်စိုး၊ မင်္ဂလာအခါတော်ပေးသီဆိုပေးသော တေးသံရှင် ရတနာဦးနှင့်အဖွဲ့၊ မင်္ဂလာပန်းကြဲပေးသော ညီမငယ် မိုမိုမြင့်မောင်၊ သတို့သားအရန် ကျော်နိုင်ဦး၊ သတို့သမီးအရန် မထုအောင်၊ သတို့သမီးဝတ်စုံ ဦးတွတ်၊ မိတ်ကပ်၊ ဆံပင် ပွင့်၊ ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးပေးသော Ah Kai နှင့်အဖွဲ့၊ Summit Partview Hotel မှဝန်ထမ်းများအားလည်းကောင်း၊ ကျေးဇူးတင်ထိုက်သူအားလုံးအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးဥပကာရတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်အောင်ဟိန်းဦး–မသက်စိုးဦး။

ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာ ကျင်းပမည်

ရန်ကုန် မေ ၂၅

နိုင်ငံတော်မှမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ရွှေပြည်သာမြို့ ရွှေပြည်သာ ပရိယတ္တိစာသင်တိုက်ကြီး၏ပဓာနနာယက ဒွိပိဋကရေ ဆရာတော် ဘဒ္ဒန္တနာဂိတ (ဝိနယပါဠိပါရဂူ၊ဒီဃဘာဏကပါဠိပါရဂူ)နှင့် (၅၇)ကြိမ်မြောက် တိပိဋကရေစာမေးပွဲကြီး၌ ဝိနယပိဋကတ် ရေ့ပိုင်းဥပတောဝိဘင်းကို ဂုဏ်ထူးဖြင့် အောင်မြင်တော်မူသော အရှင်ဇနိန္ဒာလင်္ကာရတို့အား ဂုဏဝိသိဋ္ဌပူဇာမင်္ဂလာနှင့် ကျောင်းတိုက်မှုခ်ဦး အလှူတော်မင်္ဂလာ၊ ဒတ္တာဇီဝ ဆွမ်းစားကျောင်းတော်ကြီး ကျောင်းလွှတ်ပူဇာ အလှူတော်မင်္ဂလာတို့ကို ကျောင်း ဒါယကာ ဒါယိကာမတပည့်များမှ ဇွန် ၅ရက် နံနက် ၉နာရီတွင် စာသင်တိုက်၌ကျင်းပမည်ဖြစ်ရာ ကြွရောက်ကြည်ညိုပူဇော်နိုင်သည်။ **(က–ပ)**

မွေးနေ့မင်္ဂလာဆုမွန်လွှာ

တစ်ဦးတည်းသော ချစ်သားလေး မောင်ဟိန်းထက်အောင်၏ ၂၆–၅–၂၀၀၅ ရက်တွင် ကျရောက်သော (၅)နှစ်ပြည့်မွေးနေ့မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ကိုယ်စိတ်နှလုံးပျော်ရွှင်ချမ်းမြေ့ခြင်း၊ ဂုဏ်သိက္ခာ မြင့်မားခြင်း၊ အောင်မြင်ပြည့်စုံခြင်းများစွာကို ရယူပိုင်ဆိုင်နိုင်၍ သာယာချမ်းမြေ့သော ဘဝခရီးလမ်းကို လျှောက်လှမ်းနိုင်ပါစေ.........။

(ဦးစမ်းအောင်)–
ချစ်မေမေ–ဒေါ်မေသက်ထွန်း(MRTV-3)

(၁၀)နှစ်ပြည့်မင်္ဂလာဆုမွန်လွှာ

ချစ်ဖေဖေ **ဦးတင်မျိုးအောင်** နှင့် ချစ်မေမေ **ဒေါ်နန္ဒာအောင်** တို့၏ ၂၅–၅–၂၀၀၅ ရက်နေ့တွင် ကျရောက်ခဲ့သော (၁၀) နှစ်ပြည့်မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် သမီးနှင့်သားတို့နှင့်အတူ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာစွာဖြင့် ပျော်ရွှင်ကြည်နူးစွာ လျှောက်လှမ်းနိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်....။

ချစ်သမီးကြီး – လင်းရူပါမျိုး(Grade 5-L ,T.T.C ပြည်လမ်း)
ချစ်သားငယ် – သုတအောင်(Grade I ,T.T.C ပြည်လမ်း)



မင်းဟိတ်ထားထိဝ်နှင့်ဘာသိတာ၏ အကောင်းဆုံးလက်ရာများ ထွက်ပြီ

*ဆုရလေးထွေနှင့်အကောင်းဆုံးရသစုများ *သမီးမြတ်
*အတ္တမဲ့ဒါန *အသေလွတ်တရားတော်

ရွှေပြည်သာစာပေဖြန့်ချိရေး။

မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃)မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄က/၆၀၀၅ မော်တော်ယာဉ် လက်ဝယ်ရှိသူက (ကမ–၃)မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများသည်၁၅ရက်အတွင်းကညန၊တိုင်းရုံး(ရန်ကုန်)သို့လာရောက် ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ (ရန်ကုန်)**

သုံးခွမြို့နယ် မြို့ကျက်သရေဆောင် သာသနာ့ဗိမာန်တည်ဆောက်ရန်အတွက် မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌဦးဆိုက်ကျင်(မြို့မ)က ကန်တော့ခံ သက်ကြီးစာပေ ပညာရှင်များမှ ရရှိသော ဝတ္ထုငွေကျပ် ၅၀၀၀၀ ကို သာသနာ့ဗိမာန်တည်ဆောက်ရေးအတွက် ဧပြီ ၂၃ရက်က အတွင်းရေးမှူး ဦးကျော်လင်းထံ မြို့နယ်သံဃနာယက အဖွဲ့ဥက္ကဋ္ဌ ဘဒ္ဒန္တကောဝိဒ ရှေ့မှောက်တွင် ပေးအပ်လှူဒါန်းစဉ်။ (၁၃၇)

အမရပူရမြို့နယ်တွင် အသံမစဲ မဟာပဋ္ဌာန်းပူဇော်

မြစ်ငယ် မေ ၁၈

မန္တလေးတိုင်း အမရပူရမြို့နယ် မြန်မာ့မီးရထားလူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)မှ အထွေထွေမန်နေဂျာ ဦးထွန်းဦး၏ ဦးဆောင်၍ (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် အသံမစဲမဟာပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ပွဲ အခမ်းအနားကို မေ၁၀ရက် မွန်းတည့်၁၂နာရီက မြစ်ငယ်ဇေတဝန်ဓမ္မာရုံတွင် ကျင်းပရာ အထွေထွေမန်နေဂျာ ဦးထွန်းဦး၊ ဒုတိယအထွေထွေမန်နေဂျာ ဦးမျိုးမြင့်၊ လက်ထောက်အထွေထွေမန်နေဂျာ ဦးဝင်းကိုနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ (အောက်ယာပုံ)

သာသနာရေး လျှောက်ထား

ရှေးဦးစွာ မြစ်ငယ်ရှစ်ပါးကျောင်းမှ နာယကဆရာတော်ထံ ပူဇော်ပွဲကျင်းပရေး ကော်မတီဥက္ကဋ္ဌ လက်ထောက်အထွေထွေမန်နေဂျာ ဦးဝင်းကိုက သာသနာရေးဆိုင်ရာများ လျှောက်ထားသည်။

ရွတ်ဖတ်ပူဇော်

ဆက်လက်၍ ပူဇော်ပွဲအခမ်းအနားကို ကျင်းပရာ မန္တလေးမြို့ ဇန်းမော်ကျောင်းတိုက် ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော်များက အသံမစဲ မဟာပဋ္ဌာန်း ဒေသနာတော်ကို ရွတ်ဖတ်ပူဇော်ကြသည်။ **(၂၀၉)**

အမြို့ မြို့ အနယ်နယ် သတင်းများ

မေ ၉ရက်က အောင်လံမြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်း လမ်းများ ကောင်းမွန်ရေးအတွက် အလယ်လမ်း ကတ္တရာခင်းခြင်း လုပ်ငန်းဆောင်ရွက်ကြစဉ်။ (မြို့နယ် စည်ပင်)

ပဲခူးမြို့ မဇင်းရပ်တွင် တံတားများပြုပြင်

ပဲခူး မေ ၂၁

ပဲခူးမြို့ မဇင်းရပ် ကြေးနီကန်မွန်စုရပ်ကွက် အဝင်တံတားနှင့် ကြေးနီကန် ကျောင်းတိုက် အဝင် တံတားများကို ဆရာတော်ကြီး ဦးတေစိန္ဒ၏ ဩဝါဒခံယူပြီး ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှုဖြင့် အလှူရှင်များဖြစ်ကြသော မွန်စုမှ ဦးဝိ-ဒေါ်ကြည်၊ သားဦးကံစိန်-ဒေါ်တင်လှနှင့် ရေစကြိုမြို့ ဦးကျော်စိန်-ဒေါ်ခင်စမ်းလွင် မိသားစုတို့က ကွန်ကရစ်ကျောက်ပြားခင်း တံတားအတွက် ငွေကျပ်နှစ်သိန်းလှူဒါန်းရာ ဧပြီ ၁၀ရက်က အဆိုပါလှူဒါန်းငွေဖြင့် တံတားများကို ရပ်ကွက်လူငယ်များ စုပေါင်း၍ ပြုပြင်ဆောင်ရွက်ကြကြောင်း သိရသည်။

(ယာပုံ) (က-ပ)

မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနား နွားထိုးကြီးမြို့နယ်တွင် ကျင်းပ

နွားထိုးကြီး မေ ၁၅

(၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အခမ်းအနားကို မေ ၅ရက် နံနက် ၉နာရီက မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အရန်မီးသတ်တပ်ဖွဲ့ တပ်ရင်းမှူး မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးအောင်တင့်က အမှာစကားပြောကြားပြီး မြို့နယ်မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးအောင်စိုးက မီးသတ်တပ်ဖွဲ့နေ့ ပေါ်ပေါက်လာခြင်းနှင့် မီးသတ်တပ်ဖွဲ့သမိုင်းကြောင်းကို ရှင်းလင်းပြောကြားကြောင်း သိရသည်။

(၂၁၃)

အမျိုးသမီးရေးရာကဏ္ဍဖွံ့ဖြိုးရေး ပခုက္ကူမြို့တွင် ရှင်းလင်းဆွေးနွေး

ပခုက္ကူ မေ ၅

မကွေးတိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက တိုင်းမှူးမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဒေါ်စန်းစန်းမြင့်၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီလွင်နှင့်အဖွဲ့သည် ဧပြီ ၁၂ ရက် မွန်းလွဲပိုင်းက ပခုက္ကူမြို့သို့ရောက်ရှိပြီး ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမတွင် ပခုက္ကူခရိုင်နှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များအား တွေ့ဆုံကာ အမျိုးသမီးရေးရာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ရှေ့လုပ်ငန်းစဉ်များ အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရေးရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

(၄၁၃)

ဆုချီးမြှင့်

မွန်ပြည်နယ် မီးသတ်ဦးစီးဌာနမှ ကြီးမှူးကျင်းပသော (၅၉)နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့ အထိမ်းအမှတ်တပ်ဖွဲ့ဝင်များအား ထူးချွန်ဆုချီးမြှင့်ပေးအပ်ပွဲကို မေ ၅ရက်က မော်လမြိုင်မြို့ မီးသတ်ဦးစီးဌာန စခန်းရုံးတွင် ကျင်းပရာ မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးဌာနဦးစီးမှူး ဦးအောင်ဆွေဝင်းက ဆုရတပ်ဖွဲ့ဝင်တစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြို့နယ် မီးသတ်)

မေ ၁၈ရက်က မြို့ပြသန့်ရှင်း သာယာလှပရေးအတွက် ကော့မှူးမြို့ဝင် ဆိုင်းဘုတ်အနီး သန့်ရှင်းရေးနှင့် ပန်းအလှပင်များ ပြုပြင်ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးဌေးလှိုင် ကြီးကြပ်ပေးစဉ်။

(မြို့နယ် စည်ပင်)

မြစ်သားမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့တွင်းသွားလာအသုံးပြုနေသော ဆိုက်ကားနှင့်မြင်းလှည်းများ မြို့တွင်း၌ သတ်မှတ်ထားသော စည်းကမ်းများနှင့်အညီ အနေးယာဉ်တည်ဆောက် ပြုပြင်ခြင်းများကို စစ်ဆေးပြီး အနေးယာဉ်လုပ်ငန်းလိုင်စင်များ သက်တမ်းတိုးပေးခြင်း လုပ်ငန်းကို မေ ၈ရက်က မြို့နယ်ဘောလုံး ကွင်းအတွင်း စစ်ဆေးဆောင်ရွက်ပေးစဉ်။

(နယ်စပ်/စည်ပင်)

ကွန်ဟိန်းမြို့တွင် အခြေခံကွန်ပျူတာ သင်တန်းဖွင့်

ကွန်ဟိန်း မေ ၉

ကွန်ဟိန်းမြို့တွင် မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းနှင့် မြို့နယ်ပညာရေးမှူးရုံးတို့ ကြီးမှူးဖွင့်လှစ်သော အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲအခမ်းအနားကို ဧပြီ၂၀ရက် နံနက် ၉နာရီက ကွန်ဟိန်းမြို့ အခြေခံပညာအထက်တန်း ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးငွေဒိုးနှင့် မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးငွေဒိုးက အမှာစကားပြောကြားပြီး နည်းပြဆရာဦးစိုင်းထွန်းကျော်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် အခြေခံရမည့် အချက်များကို ရှင်းလင်းပြောကြားကြောင်းသိရသည်။ **(မြို့နယ်ပြန်/ဆက်)**

(၇၃)ကြိမ်မြောက် သွေးလှူဒါန်း



ရန်ကုန် မေ ၂၅

သာကေတမြို့နယ် ရှခင်းသာ ရပ်ကွက် မဟာသတိပဋ္ဌာန်ကျောင်းတိုက် ဆရာတော်ဦးစိတ္တရ(လူမှုထူးချွန်ပထမဆင့်)**(အပေါ်ပုံ)**သည် ဗဟိုအမျိုးသား သွေးလှူဘဏ်တွင် (၇၃)ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(က-ပ)**

ဒိုက်ဦးမြို့နယ်၌ဒဿနအလင်း ကျေးရွာစာကြည့်တိုက်ဖွင့် ရေရှည်တည်တံ့ရေးရှင်းလင်း၊ သုတရသစာအုပ်များပေးအပ်လှူဒါန်း

ဒိုက်ဦး မေ ၁၂

ဒိုက်ဦးမြို့နယ် ဗျိုင်းချယ်ကျေးရွာအုပ်စု အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင် ဒဿနအလင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို မေ၅ရက်က အဆိုပါကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး၌ ကျင်းပရာ အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းဦးနှင့် ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းဦးက စာကြည့်တိုက်များ ရေရှည်တည်တံ့ရေး အကြောင်းအရာများ ရှင်းလင်း ပြောကြားသည်။

လက်ခံရယူ

ဆက်လက်၍ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမှ လှူဒါန်းသော သုတ၊ ရသစာအုပ်များနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လှူဒါန်းသော သုတ၊ ရသ စာအုပ် ၂၅၀ကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးကောင်စီဥက္ကဋ္ဌက ပေးအပ်လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌမှ လက်ခံရယူသည်။

(မြို့နယ် ပြန်/ဆက်)

အမှတ်(၈၆၈) မေတ္တာလမ်း ၁၀ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ်နေ ကွယ်လွန်သူ မိခင်ကြီးအားရည်စူး၍ ဒေါ်ရင်မြင့်မိသားစုက အလှူငွေကျပ်တစ်သိန်းကို ဖြူဟွဲပိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သင်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ညောင်လေးပင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့နေပြည်သူများ သွားလာမှု လွယ်ကူချောမွေ့စေရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်လျက်ရှိရာ အညာစုလမ်းပေါ်ရှိ အညာစုတံတား ဆောင်ရွက်မှုကို မေ ၂ ရက်က အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းလွင်စိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်လှိုင်တို့ ကွင်းဆင်းကြီးကြပ်ဆောင်ရွက်စဉ်။ (၁၃၄)

ကျောက်မဲမြို့နယ်၌ ကျောင်းဆောင်သစ်ဖွင့်၊ပညာရေးဌာနလွှဲပြောင်း ငွေကျပ်၉၃သိန်း အကုန်အကျခံ တည်ဆောက်ခဲ့

ကျောက်မဲ မေ ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲမြို့နယ် ကွဲကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်း၏ ထောက်ပံ့ကူညီခြင်းဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ညှိနှိုင်း၍ ဒေသခံပြည်သူများ ပူးပေါင်းအကောင်အထည်ဖော် ဆောက်လုပ်သော ပေ ၉၀ ×ပေ ၃၀အရွယ် ကျောင်းဆောင်သစ်ဖွင့်လှစ်ခြင်းနှင့် ပညာရေးဌာနတို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို မေ ၆ရက် မွန်းလွဲပိုင်းက ကျောင်းဆောင်သစ်ရှေ့တွင်ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးလွင်၊ လက်ထောက်ပညာရေးမှူး ဦးကျော်ဆွေနှင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်းမှ မစ္စတာဆာတို တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌ ဦးမျိုးလွင်က အမှာစကားပြောကြားပြီး ကျောင်းဆောင် ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌ ကွဲကုန်းကျေးရွာဥက္ကဋ္ဌ ဦးဝါလိန်က ကျောင်းဆောင်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို လက်ထောက်ပညာရေးမှူးအား လွှဲပြောင်းပေးအပ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းသိန်းဟန်က ကျောင်း၏ သမိုင်းကြောင်းကို ရှင်းလင်းတင်ပြပြီး တာဝန်ရှိသူများက အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

အကုန်အကျခံတည်ဆောက်

အဆိုပါ ကျောင်းဆောင်သစ်အား ကျေးရွာမှထည့်ဝင်ငွေကျပ်၁၃သိန်း နီပွန် ဖောင်ဒေးရှင်းမှ လှူဒါန်းငွေကျပ်သိန်း ၈၀တို့ဖြင့် အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(မြို့နယ် ပြန်/ဆက်)

ကလေးမြို့တွင် ကြက်ခြေနီနေ့နှင့် သူနာပြုသင်တန်းဆင်း

ကလေး မေ ၂၀

ကလေးခရိုင် ကလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီးဝင်းအတွင်းရှိ မြို့နယ်ကြက်ခြေနီခန်းမတွင် မေ ၈ ရက်က ကမ္ဘာ့ကြက်ခြေနီနေ့နှင့် အခြေခံရှေးဦးသူနာပြု သင်တန်းအမှတ်စဉ်(၁/၂၀၀၅)သင်တန်းဆင်းပွဲ ကျင်းပသည်။

အခမ်းအနားတွင် ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်က အဖွင့်အမှာစကားပြောကြားပြီး ကလေးမြို့ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာ မျိုးဆွေနှင့် မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ရင်းမှူး ဒုရဲမှူး သန့်ဇင်ထွန်းတို့က သင်တန်းဆင်း အမှာစကားပြောကြားကြသည်။

အတွေ့အကြုံ

ထို့နောက် စစ်ကိုင်းတိုင်း ကိုယ်စားပြု ကလေးမြို့နယ် ကြက်ခြေနီ တပ်ရင်းမှ ထူးချွန်ဆုရ ကြက်ခြေနီ လူငယ် တပ်စုမှူး အေးနန္ဒာစိုးက လူငယ်တွေ့ဆုံပွဲ အတွေ့အကြုံများကို ရှင်းလင်း တင်ပြသည်။

သင်တန်းဆင်းလက်မှတ်

ဆက်လက်၍ ထူးချွန်ဆုရရှိကြသော ကြက်ခြေနီမောင်မယ်တို့အား ဆုပေးအပ်ချီးမြှင့်ပွဲကို ကျင်းပရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်မိုးမြင့်နှင့် တာဝန်ရှိသူများက သင်တန်းဆင်း လက်မှတ်များ ပေးအပ်ချီးမြှင့်ကြသည်။ **(အပေါ်ပုံ)**

(၄၁၇)

ကျောက်ပန်းတောင်းမြို့ စမ်းတွင်းရေကန်ပြုပြင် ကျေးရွာပြည်သူများ တစ်နှစ်ပတ်လုံး သောက်သုံးရေရရှိ

ကျောက်ပန်းတောင်း ဧပြီ ၁၉

မန္တလေးတိုင်းကျောက်ပန်းတောင်းမြို့နယ်သာယာအေးရပ်ကွက်ရှိစမ်းတွင်းရေကန်ကြီး ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းကို ဧပြီ ၁၇ရက်က ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအောင်သန်းနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း စည်းရုံးရေးမှူး ဦးမြင့်အောင်နှင့် အသင်းဝင်များ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ကန်တူးဖော်ကြသည်။

အဆိုပါရေကန်မှာတွင်းမကျေးရွာ၊ တောင်ဇင်ကျေးရွာနှင့် ထန်းတောကြီးကျေးရွာများမှ ပြည်သူများ အားထားရသော ရေကန်ဖြစ်ပြီး ရေကန်အကျယ်အဝန်းမှာ၅၇၆ပေ၊အနက်ပေ၂၀ရှိသဖြင့် တစ်နှစ်ပတ်လုံး သောက်သုံးရေများ ရရှိရန် ကျေးရွာနေပြည်သူများက ကိုယ့်အားကိုယ်ကိုး တူးဖော်ကြကြောင်း သိရသည်။ **(၀၆၁)**

သန်လျင်မြို့ မြို့ဟောင်းအလက ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားဝင်းကြီးမှူးဖွင့်လှစ်သော နွေရာသီအခြေခံဂူရှူးသင်တန်းဆင်းပွဲကို မေ ၆ရက်က ကျောင်းခန်းမဆောင်၌ ကျင်းပရာ မြန်မာနိုင်ငံဂူရှူးအဖွဲ့ချုပ်မှ နည်းပြဆရာ ဦးကျော်မြင့်က သင်တန်းဆင်း လက်မှတ်ပေးအပ်စဉ်။

(ခရိုင် ပြန်/ဆက်)

မြန်မာ့အသံ

၂၇-၅-၂၀၀၅(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (ဦးဥတ္တမသာရ ဆရာတော်ကြီး၏ ခန္ဓသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စပါးအထွက်နှုန်းတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများ)

၁၂:၀၀ ကျန်းမာရေးနှင့် ဆေးပညာ (နို့ချိုတိုက်ကျွေး ကမ္ဘာ့ရင်သွေး ငြိမ်းအေးမျှတ ကလေးသူငယ်ဘဝ)

၁၂:၃၀ ဇာတ်လမ်းပမာနားဆင်စရာ (အစုန်အဆန်)

ညနေပိုင်း

၁၇:၃၀ အဘိုးအဘွားအလေးထား (တတိယအရွယ်နှင့် လူအိုနာ) (ဦးဝမ်ထိန်)

၁၇:၅၀ နိုင်ငံတကာစီးပွားရေး သတင်းပဒေသာ

၁၈:၁၅ ကျေးလက်ဇာတ်လမ်း (ကိုထိန်အတွက် ဆေးကောင်းတစ်လက်)

၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (ရှေ့လာမည့် နှစ် ၅၀ အကြောင်း) (ဒုတိယပိုင်း) (မောင်ဆုရှင်)

ကဝမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးကာကွယ်ရေး လူထုလှုပ်ရှားမှုအဖြစ် မေ၁၄ရက်က စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ကြရာ ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းများနှင့် မြို့ပေါ် ရပ်ကွက်ပြည်သူများ ပါဝင်ဆောင်ရွက်ကြစဉ်။

(မြို့နယ် ကျန်းမာရေး)

နိုင်ငံတော်၏ဦးတည်ချက်များ ပြည့်မီအောင်မြင်စေရေး အကောင်အထည်ဖော် လုပ်ငန်းဆောင်ရွက်မှုတိုင်း လစ်ဟာကွက်မရှိ ထိရောက်ထက်မြက်စေရေးလိုအပ် ပြည်သူအတွက် နိုင်ငံတကာအဆင့်မီငွေကြေးဆိုင်ရာဝန်ဆောင်မှုများဆောင်ရွက်

ရန်ကုန် မေ ၂၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဒုတိယနေ့အစီအစဉ်ကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှု(၁)လမ်းရှိ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှထွန်း တက်ရောက်၍ နိဂုံးချုပ်အမှာစကား ပြောကြားသည်။ (အပေါ်ပုံ)

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီး လှသိန်းဆွေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးကျော်ကျော်မောင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနရှိ ဦးစီးဌာနနှင့် လုပ်ငန်းဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အထွေထွေမန်နေဂျာများ၊ ပြည်တွင်းအခွန်များဦးစီးဌာနမှ ပြည်နယ်၊ တိုင်းအခွန်ဦးစီးဌာနမှူးများ၊ မြန်မာ့စီးပွားရေးဘဏ်မှ ပြည်နယ်၊ တိုင်း မန်နေဂျာများနှင့် သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

လိုအပ်ချက်များမှာကြား

ရှေးဦးစွာ ပြည်တွင်းအခွန်များဦးစီးဌာန ပြည်နယ်၊ တိုင်းအခွန်ဦးစီးမှူးများက ဒေသအလိုက် လုပ်ငန်းလျာထားချက်နှင့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို တင်ပြကြရာ ဝန်ကြီးက လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။ **စာမျက်နှာ ၇ ကော်လံ ၅** ❐

အဆောက်အအုံဆောက်လုပ်ခွင့်နှင့် မြေယာကိစ္စများ ရန်ကုန်မြို့တော်ခန်းမ ပထမထပ်၌ ဆောင်ရွက်ပေးနေ

ရန်ကုန် မေ ၂၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် စည်ပင်သာယာနယ်နိမိတ်အတွင်း အဆောက်အအုံဆောက်လုပ်ခွင့်နှင့် မြေယာကိစ္စများနှင့်ပတ်သက်၍ မြန်ဆန်သွက်လက်စေရန် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် သက်ဆိုင်ရာဌာနမှူးများဖြစ်ကြသည့် ဦးဇော်ဝင်း၊ ဦးမြင့်သန်း၊ သက်ဆိုင်ရာဝန်ထမ်းများဖြင့် နေ့စဉ်မွန်းတည့်၁၂နာရီမှစ၍ မြို့တော်ခန်းမ ပထမထပ်တွင် သက်ဆိုင်ရာပုဂ္ဂိုလ်များအားတွေ့ဆုံ၍ ဆောင်ရွက်ပေးလျက်ရှိသည်။ (အောက်ပုံ)

ပြည့်စုံရမည်

မြေစီမံခန့်ခွဲမှုနှင့်ပတ်သက်၍ ဂရန်သက်တမ်းတိုးခြင်း၊ မြေအမည်ပြောင်း ဂရန်မိတ္တူလျှောက်ထားခြင်း၊ ၃(ခ) လျှောက်ထားခြင်း၊ မြေကွက်ခွဲအတည်ပြုလျှောက်ထားခြင်း၊ မြေကွက်ခွဲ အတည်ပြုလျှောက်ထားခြင်းမှ ဂရန်ခွဲ လျှောက်ထားခြင်း၊ မြေပုံမြေရာဇဝင် လျှောက်ထားခြင်း၊ မြေတိုင်းလျှောက်ထားခြင်းလုပ်ငန်းများအတွက် အထောက်အထား ၁၀ချက် ပြည့်စုံရမည်ဖြစ်သည်။

လုပ်ထုံးလုပ်နည်း

ထိုနည်းတူစွာ အဆောက်အအုံ ဆောက်လုပ်ရာတွင်လည်း လိုအပ်ချက် စာရွက်စာတမ်း အချက်အလက် ၁၁ ချက်ပါရှိရမည်ဖြစ်ပြီး သတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်ပြည့်စုံရမည်ဖြစ်သည်။

အထက်ပါအချက်အလက်များ ပြည့်စုံပါက မြေယာကိစ္စနှင့်ပတ်သက်၍ အမည်ပြောင်း ရက်၃၀၊ မြေပုံကူး အမည်ပေါက်သူ ၁၄ရက်၊ **စာမျက်နှာ ၇ ကော်လံ ၆** ●

၁၂၄ ပေါင်ရှိသော ငါးခူကြီး

အလေးချိန် ၁၂၄ပေါင်ရှိသော ငါးခူကြီးတစ်ကောင်ကို ငါးဖမ်းသမားတင်ပရတ်က ပွေ့ချီထားစဉ်။**(အပေါ်ပုံ)**

အဆိုပါ ငါးခူကြီးကို အမေရိကန်နိုင်ငံ အယ်တန်မြို့အနီး မစ္စစ္စပီမြစ်အတွင်းမှ ဖမ်းယူရရှိခဲ့ခြင်းဖြစ်သည်။ အရှည် ၅၈လက်မနှင့် လုံးပတ် ၄၄လက်မရှိပြီး ၁၂၄ပေါင် အလေးချိန်ရှိ၍ ယခုအချိန်အထိ တွေ့ရှိသမျှ ငါးခူများတွင် အကြီးမားဆုံးဖြစ်ကြောင်း သိရသည်။

(အေပီ)

အရိုးအဆစ် ပျော့ပျောင်းသည့် မိန်းကလေး

အရိုးအဆစ် ပျော့ပျောင်းကြောင်း ပြသနေသည့် မိန်းကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

(ယာပုံ)

အဆိုပါ မိန်းကလေးငယ်သည် မွန်ဂိုလီးယားမှဖြစ်ပြီး အရိုးအဆစ် ပျော့ပျောင်းမှုကြောင့် အရိုးမရှိသော မိန်းကလေး၊ ရော်ဘာကဲ့သို့ လိုအပ်သလို ပုံစံသွင်းနေထိုင်၍ ရသော မိန်းကလေးဟု ခေါ်ဝေါ်လျက်ရှိကာ အံ့သြဖွယ်ရာ ပုံစံအမျိုးမျိုးကို နေထိုင်ပြနေကြောင်း သိရသည်။

(ရိုက်တာ)

ကမ္ဘာတစ်လွှား ထူးထူးခြားခြား

မြန်မာလူငယ်နှင့် ဘဏ္ဍာ/အခွန် ခြေစမ်းပွဲတစ်ဂိုးစီသရေကျ

ရန်ကုန် မေ ၂၅

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇွန် ၂ရက်မှ ၈ရက်အထိ ကျင်းပမည့် အာရှ-ဥရောပ အားကစားပြိုင်ပွဲ၌ ပါဝင်ယှဉ်ပြိုင်ရန် စခန်းဝင်လေ့ကျင့်လျက်ရှိသော အသက်(၂၀)နှစ်အောက် မြန်မာလူငယ် လက်ရွေးစင်အသင်းနှင့် အဆင့်မြင့်တန်းမှ ဘဏ္ဍာ/အခွန် အသင်းတို့၏ခြေစမ်းပွဲကို ယနေ့ညနေ ၄နာရီက အောင်ဆန်းအားကစားပြိုင်ကွင်း၌ကျင်းပရာ တစ်ဂိုးတစ်ဂိုးစီသရေပွဲဖြစ်သွားသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ ✡